# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၃၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်း

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ယနေ့ကျရောက်သည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ် အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏ နေရာဒေသအသီးသီးတွင် ယှဉ်တွဲစုပေါင်း၍ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့သည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာသက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းကပင် အခြားပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် သူ့ကျွန် မခံလိုသည့်စိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွ ရယူခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းနှင့်ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအမှတ် ၆၂ အရ

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဇတ်စရာ**


အလှတရား၊ သဟဇာတနှင့် ငြိမ်းချမ်းမှုကို မျှဝေခံစား၍ လူသားအားလုံးကို ချစ်ကြည်ရင်းနှီး ပေါင်းစည်းပေးပါမည်
ဆောင်းပါး စာ ၆

ဂုဏ်ယူဖွယ် ဝမ်းမြောက်ဖွယ် အမှတ်တရများနှင့် တန်ဆောင်တိုင်
ဆောင်းပါး စာ ၁၀

မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ် မိတ်ဆက်ပွဲကျင်းပ
ပြည်တွင်းသတင်း စာ ၁၂


## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ဧက ၈၈၀ အထိ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ဧက ၈၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၂၉၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ဧက ၈၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ မြေပဲသီးနှံ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ

*စာမျက်နှာ ၄ ကော်လံ ၄* ❖

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်

❑ *ရှေ့ဖုံးမှ*

သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့်တိုးချဲ့သတ်မှတ်ခဲ့ပြီး ၆ မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် ၇ မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်ခဲ့သည့်နေ့ရာသီအချိန်အခါအရ ဆောင်းဦးကာလ၊ သာယာသည့်အချိန်အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်မှစတင်၍ ကရင်ပြည်နယ်နေ့ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ဂုဏ်ယူကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ် (၇၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိကြပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး ရာသီဥတု မျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိပါသည်။ ထို့အပြင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသော သဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုအမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ် မဲမသမာမှုများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမှန်တရားကို မျက်ကွယ်ပြု၍ အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်မှာ ကရင်ပြည်နယ်အပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် ယခင်က တည်ငြိမ်အေးချမ်းမှုရှိခဲ့ပြီး တိုင်းရင်းသားပြည်သူများ အေးချမ်းလွတ်လပ်စွာ သွားလာနေထိုင်ခဲ့သည့် ကရင်ပြည်နယ်ဒေသအချို့မှာ ယခုအခါ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ပြည်သူများ ဆင်းရဲဒုက္ခခံစားနေရသည်မှာ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ပါသည်။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်းရှုမြင်ပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါဖြစ်ကြောင်း သက်ဆိုင်သူများအား အသိပေးပြောကြားလိုပါသည်။

**◆ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့် အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီ ပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟုယုံကြည်**

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ ထို့ပြင် **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်(၁၀၂)မြို့နယ်၌ စတင်ကျင်းပပြုလုပ်မည် ဖြစ်ပြီး၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ်(၁၀၀) မြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကာ ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီး ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲအောင်မြင်ရန်မှာ ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းပြောကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရေး စသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွား

**◆ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားဆောင်ရွက်**

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*
မြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများတိုးတက်စေရေး၊ လူတိုင်းကျန်းမာရေး ကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရေး တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီ ပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျာ**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရယူခံစားနိုင်သူများ ဖြစ်ကြပါစေ၊ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဂုဏ်ယူဖွယ်ရာပြည်နယ်ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၄၈ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)**
**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | |
|---|---|
| (၁) ဗိုလ်ချုပ် အောင်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) ဦးသန့်စင်လွင် | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၃) ဦးသိုက်စိုး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

❖ *ရှေ့ဖုံးမှ*
နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံ မြေပဲကို ၂၈၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ဧက ၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းများ တိုးတက်စေဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ ဒီဒေသမှာက ဆီထွက်သီးနှံစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေပဲစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဘက်စုံသီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၆**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး (၄၉)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၆**

(၄၉)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း(ASEAN Ports Association) နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Wyndam Grand Yangon Hotel ၌ ကျင်းပသည်။





ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းဘက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အာဆီယံဆိပ်ကမ်းများအသင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများ၊ ပုဂ္ဂလိကဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဆိပ်ကမ်းများအသင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ကိုယ်စားလှယ်ခေါင်းဆောင်များကို သီးသန့်လက်ခံတွေ့ဆုံသည်။

အစည်းအဝေးဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ဧည့်သည်တော်ကြီးများအားလုံးကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အသင်းဝင်နိုင်ငံအများစုက လူကိုယ်တိုင် တက်ရောက်ပေးကြသည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုအစည်းအဝေးကို အာဆီယံ၏ ဆောင်ပုဒ်ဖြစ်သော "One Vision, One Identity, One Community" အရ အာဆီယံဆိပ်ကမ်းလုပ်ငန်းအသိုက်အဝန်းအတွင်း ဘုံအကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အတူတကွ လျှောက်လှမ်းနိုင်ရေး ရည်မှန်းချက်များဖြင့် အာဆီယံဆိပ်ကမ်းများအသင်း၏ "Navigating Together, Sustainable Forever" ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းများသည် အာဆီယံဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများဖြစ်ကြကြောင်း၊ ယခုအစည်းအဝေးတွင် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကွန်ရက်ပိုမိုအားကောင်းလာစေရေး၊ ဆိပ်ကမ်းများစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတို့အတွက် လက်တွေ့ကျသော မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို ဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ဒေသတွင်း ဆိပ်ကမ်းများအကြား ချိတ်ဆက်မှု (Connectivity) နှင့် စွမ်းဆောင်ရည် (Performance) ပိုမိုကောင်းမွန်စေရေးအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation), ဆန်းသစ်တီထွင်ခြင်း (Innovation), ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Decarbonization) နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း (Human Resource Development)တို့ကို အသင်းဝင်နိုင်ငံအသီးသီးက ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယခုအစည်းအဝေးတွင် နိုင်ငံအလိုက် အတွေ့အကြုံကောင်းများကို မျှဝေခြင်းဖြင့် အပြန်အလှန်အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဧည့်သည်တော်ကြီးများအနေဖြင့် ရန်ကုန်မြို့တွင် ရောက်ရှိနေထိုင်ကြစဉ် ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာလူမျိုးများ၏ နွေးထွေးပျူငှာမှုတို့ကို ခံစားရင်း ပျော်ရွှင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း နှုတ်ခွန်းဆက်ပြောကြားသည်။

ယင်းနောက် အာဆီယံဆိပ်ကမ်းများအသင်း၏ ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံမှ Capt. Basza Alexzandar Basri က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က အနှစ်ချုပ်အမှာစကား ပြောကြားသည်။

အာဆီယံဆိပ်ကမ်းများအသင်းကို ၁၉၇၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်၍ နှစ် ၅၀ ရွှေရတုကို ကျော်လွန်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် အသင်းဝင်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ယခုအခါ အသင်းကြီးတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် အဖွဲ့ဝင် ကိုးနိုင်ငံပါဝင်ပြီး ဒေသတွင်း ဆိပ်ကမ်းလုပ်ငန်းအသိုက်အဝန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၅၁ ရက် သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွှာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးအတွက် မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များချမှတ်၍ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိတိုင်းရင်းသားလူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်အား စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၉၇၇ ဦး၊ ဆရာအတတ်သင်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်း ဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ဘွဲ့ရပညာတတ်တိုင်းရင်းသားလူငယ် ၁၄၆၉၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားပို့ချပေးလိုက်သည့် ပညာရပ်များကို စဉ်ဆက်မပြတ်တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့ သင်ကြားပြုစုပျိုးထောင်ရမည့် ကျောင်းသားလူငယ်များအား စာပေပညာရပ်များအပြင် ဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ပန်ဆင်လျက် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်းရှင်သန်နေစေရေး၊ ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်များ မှန်ကန်မြင့်မားစေရေး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုရှိစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ဆရာဆိုသည်မှာ ပညာပေးဝေသူဖြစ်ပြီး ပညာရှာမှီးနေသူများလည်းဖြစ်ရန် လိုအပ်ပါကြောင်း၊ တပည့်များ၏အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို လမ်းညွှန်သွန်သင်ပြသပေးနိုင်သည့် ဆရာကောင်းများကသာ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့်ပြည်သူများက အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် အစဉ်နှလုံးသွင်းပြီး ပေးအပ်သော တာဝန်များကို တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့်ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု (သိပ္ပံတွဲ)နှင့် စာပေဘာသာထူးချွန်ဆု (ဝိပ္ပံတွဲ) ဆုရရှိသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စာပေဘာသာ ထူးချွန်ဆုရ (ဝိဇ္ဇာတွဲ)၊ တိုင်းရင်းသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆုနှင့် ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးတို့က အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေမီးရရှိမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကာ တက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ၏ အခြေခံစစ်ပညာသင်တန်း လေ့ကျင့်သင်ကြားနေမှု၊ ပွဲကြည့်စင်နှင့် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ထားရှိမှု၊ မိုးလုံလေလုံအားကစားခန်းမ၌ ဘော်လီဘောလေ့ကျင့်နေမှု၊ အိပ်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်တရား၊ သဟဇာတနှင့် ငြိမ်းချမ်းမှုကို မျှဝေခံစား၍ လူသားအားလုံးကို ချစ်ကြည်ရင်းနှီး ပေါင်းစည်းပေးပါမည်

မိုးကေနိုင်

မြန်မာပြည်သူတို့အတွက် နိုဗိုစီဗစ်ဟူသော အမည်နာမက ယခုအခါ မစိမ်းတော့ပါ။ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုက်ဘေးရီးယားပြည်နယ် နိုဗိုစီဗစ်ဒေသတို့အကြား၊ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုက များစွာကွာဝေးခြင်းလည်း မရှိတော့ပါ။ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့အကြား လေကြောင်းအကွာအဝေး ၃၈၆၃ ကီလိုမီတာရှိပြီး နေပြည်တော်နှင့် နိုဗိုစီဗစ်မြို့တို့အကြား လေကြောင်းအကွာအဝေး ခန့်မှန်းခြေ ကီလိုမီတာ ၄၁၀၀ ခန့်ရှိသော်လည်း မြန်မာပြည်သူများနှင့် နိုဗိုစီဗစ်မြို့ ဆိုက်ဘေးရီးယားပြည်သူများအကြား နှလုံးသားချင်း၊ ရင်ဘတ်ချင်းက ယခုထက်ပို၍ နီးစပ်မှုရှိလာနေကြောင်း ပုံရိပ်များထင်ရှားလျက်ရှိနေပါပြီ။

## ဆက်ဆံရေးသမိုင်းကြောင်းအရ

မှတ်မှတ်ရရ မြန်မာနှင့် နိုဗိုစီဗစ်ဆက်ဆံရေးသည် မြန်မာနိုင်ငံနှင့် ဆိုဗီယက်ယူနီယံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းကပင် နှစ်ပြည်ထောင်ချစ်ကြည်ရင်းနှီးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ နှစ်နိုင်ငံသမိုင်းကြောင်းတွင် ကောင်းမွန်သည့် ရေရှည်ဆက်ဆံရေးနှင့်အတူ ခိုင်မာသည့်ချစ်ကြည် ရင်းနှီးမှုများရှိပြီးဖြစ်သည်မှာ အထူးဖော်ပြစရာ မလိုပါ။

ယခုနှစ် မတ်လအတွင်း နိုဗိုစီဗစ်မြို့သို့ နိုင်ငံတော်အကြီးအကဲ သွားရောက်လည်ပတ်ခဲ့မှု၊ အစိုးရများအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဆက်ဆံရေးကောင်းများပို၍ ထင်ရှားလာကြောင်းလည်း တွေ့ရသည်။ ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှုမှ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ လေကြောင်းပြေးဆွဲမှုနှင့် ခရီးသွားကဏ္ဍများ မြှင့်တင်နိုင်ရေးအထိ ထိရောက်မှုရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် ကျန်းမာရေးနှင့် ပညာရေး၊ စက်မှုနှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အား ညီအစ်မမြို့များအဖြစ် သတ်မှတ်ရန်ကဏ္ဍများလည်း ပါဝင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ ဆွေးနွေးမှုများက နှစ်နိုင်ငံအတွက်သာမက အရှေ့တောင်အာရှဒေသအတွက်ပါ ရည်ရွယ်ခဲ့ကြောင်းလည်း တွေ့ရှိရသည်။

## လက်ရှိဆောင်ရွက်မှု ပြယုဂ်ကောင်းများ

ထို့ကြောင့်လည်း နှစ်နိုင်ငံအကြား၊ နိုင်ငံနှင့် ဒေသတာဝန်ရှိသူများ၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းလိုင်းများ ပူးပေါင်းဆောင်ရွက်ရန် ယခုအခါ လိုအပ်လာပြီဖြစ်သည်။ သို့မှသာ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန် လည်ပတ်သွားလာနိုင်ကြမည်ဖြစ်သည်။ ထို့အတွက် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများ ပြုလုပ်ကြတော့မည်။



၂၀၂၀ ပြည့်နှစ်တွင် “City of Labour Valour” အဖြစ် အသိအမှတ်ပြုခံရသည့် နိုဗိုစီဗစ်မြို့။

ခရီးသွားလုပ်ငန်းနှင့်အတူ နှစ်နိုင်ငံအစားအသောက်နှင့် အချက်အပြုတ် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာသည်။ တစ်ဆက်တည်း ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြရတော့မည်ဖြစ်သည်။

ပြန်ကြားရေးကဏ္ဍ၌လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်သလို အမျိုးသားစာကြည့်တိုက်များကဏ္ဍကိုလည်း ယခုအခါ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု သိရသည်။ ပူးပေါင်းဆောင်ရွက်မှုများအတွက် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာပါအချက်များ အကောင်အထည်ဖော်ရေးကို ဆက်လက်ဆောင်ရွက်သွားကြမည်ဟု သိရှိရသည်။ သုံးသပ်ရလျှင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သော ကဏ္ဍများဖြစ်နေကြောင်း တွေ့ရခြင်းပင်ဖြစ်သည်။

> “ နှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်းကြောင်းတွင် နောက်ထပ်တိုးတက်မှုက နိုဗိုစီဗစ်မြို့၌ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးကို ယခုနှစ် မတ်လ ၉ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ရလဒ်အနေဖြင့် နိုဗိုစီဗစ်မြို့တွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများနှင့် မြန်မာနိုင်ငံအကြား ချိတ်ဆက်ပေါင်းကူးမှု ပိုမိုလွယ်ကူသွားခြင်းပင်ဖြစ်သည်။ နားလည်မှုကို ပိုမိုမြှင့်တင်နိုင်ကြတော့မည်ဖြစ်သည်။ နိုဗိုစီဗစ်ဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကိုလည်း ကူညီစောင့်ရှောက်မှုများ ပေးနိုင်တော့မည်ဖြစ်သည်။ ထိုအချက်များက ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ကောင်းများပင်ဖြစ် ”

နှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်းကြောင်းတွင် နောက်ထပ်တိုးတက်မှုက နိုဗိုစီဗစ်မြို့၌ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးကို ယခုနှစ် မတ်လ ၉ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ရလဒ်အနေဖြင့် နိုဗိုစီဗစ်မြို့တွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများနှင့် မြန်မာနိုင်ငံအကြား ချိတ်ဆက်ပေါင်းကူးမှု ပိုမိုလွယ်ကူသွားခြင်းပင်ဖြစ်သည်။ နားလည်မှုကို ပိုမိုမြှင့်တင်နိုင်ကြတော့မည်ဖြစ်သည်။ နိုဗိုစီဗစ်ဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကိုလည်း ကူညီစောင့်ရှောက်မှုများပေးနိုင်တော့မည်ဖြစ်သည်။ ထိုအချက်များက ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ကောင်းများပင်ဖြစ်ပါသည်။

ထို့အတွက် မြန်မာနိုင်ငံအနေဖြင့် ယခုလို အလေးထား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေသည့် နိုဗိုစီဗစ်ဒေသ၊ နိုဗိုစီဗစ်မြို့အကြောင်းကို မိမိတို့ပြည်သူများက သိရှိထားသင့်သည်၊ နားလည်ထားသင့်သည်ဟု ယူဆပါသည်။ ယင်းမြို့၌ ယခင်ကတည်းကပင် မြန်မာနိုင်ငံမှ သွားရောက်ပညာသင်ကြားနေသည့် သင်တန်းသားများရှိကြသည်။ အမှန်တကယ် ထိုဒေသတွင် စက်မှုနှင့် သိပ္ပံနည်းပညာများ အလွန်ထွန်းကား တိုးတက်ပါသည်။ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ ဗဟိုချက်မအဖြစ်လည်း ထင်ရှားသည်။

ထိုဒေသ၊ ထိုမြို့ ၌ ယခုနှစ် ဇူလိုင်လအတွင်းက ကျင်းပသည့် အစားအစာနှင့် ခရီးသွားပြပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ညီနောင်အသင်းများက မြန်မာနိုင်ငံကိုယ်စားပြုပြီး ခရီးသွားမြှင့်တင်ရေး ပြခန်းတစ်ခု ပြသခဲ့ဖူးသည်။ ထိုပြပွဲ၌ မြန်မာ့ရိုးရာအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ လက်ဖက်၊ မြန်မာဝိုင် စသည်တို့ကို ပြသနိုင်ခဲ့သည်။ အစားအသောက် ပြင်ဆင်ချက်ပြုတ်ပုံနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှနှင့် ဝတ်စုံများကို ပြသဖျော်ဖြေနိုင်ခဲ့ပါသည်။

## မြို့၏ သမိုင်းကြောင်း

ထိုမှ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ အလေးထားသော နိုဗိုစီဗစ်မြို့အကြောင်းကို ဆက်ရလျှင်.... ယင်းမြို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ဆိုက်ဘေးရီးယား ဖက်ဒရယ်ပြည်နယ်၏ အနောက်တောင်ဘက်ရှိ အချက်အချာမြို့တစ်မြို့ဖြစ်ပြီး အော့ဘ်မြစ် ညာဘက်ကို မေးတင်ထားသည်။

စာမျက်နှာ ၇ သို့



*စာမျက်နှာ ၆ မှ*

မြို့ကို ၁၈၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ရှေးဟောင်းအမွေအနှစ်လက်ရာ အဆောက်အအုံများ တည်ရှိရာ၊ ခေတ်မီစက်မှုလက်မှုနှင့် သိပ္ပံနှင့် နည်းပညာရပ်များထွန်းကားရာ မြို့တစ်မြို့အဖြစ် ထင်ရှားသည်။

ရုရှားနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ ၁၆ သိန်းခန့်ရှိသည့် တတိယမြောက် လူဦးရေ အထူထပ်ဆုံးမြို့လည်းဖြစ်သည်။ မြို့ကို စတင်တည်ထောင်ကတည်းက အုပ်ချုပ်ရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုအချက်အချာ ကျရာဒေသလည်းဖြစ်ခဲ့သည်။ ရုရှားခေါင်းဆောင် ဂျိုးဇက်စတာလင်လက်ထက်၌ ဆိုက်ဘေးရီးယားဒေသ၏ စက်မှုထွန်းကားရာ မြို့ကြီးအဖြစ် ပီပီပြင်ပြင် ဖြစ်လာခဲ့သည်။ ၁၉၁၇-၁၉၂၃ ရုရှားပြည်တွင်းစစ်အတွင်း တိုက်ဖျက်အုံရောင်ဂန်းဖျားနှင့် ကာလဝမ်းရောဂါကပ်ဘေးကြီးဖြစ်ခဲ့ရပြီး လူထောင်ပေါင်းများစွာ ကပ်ဘေးသင့်ခဲ့ရသည်ဟုလည်း မှတ်သားဖူးပါသည်။ နိုဗိုစီဗစ်မြို့တွင် ရုရှားလူမျိုး အများဆုံးနေထိုင်ပြီး တာဂျစ်၊ တာတာ၊ ဥဇဘက်၊ ယူကရိန်းနီးယန်းနှင့် ကာဂျစ်လူမျိုးများသည်လည်း ရေခဲမှတ်အောက် အလွန်အေးသောရာသီဥတုအောက်ဆီးနှင်းထူထူတွင် အတူယှဉ်တွဲ နေထိုင်လျက်ရှိကြသည်။

**သယ်ယူပို့ဆောင်ရေးနှင့် စက်မှုထွန်းကားရာ**

ဆိုက်ဘေးရီးယား၏ သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍတွင် နိုဗိုစီဗစ်လေဆိပ်နှင့် ရထားဘူတာရုံများက အလွန်တရာ ထင်ရှားကျော်ကြားလှပါသည်။ ပြည်တွင်း ပြည်ပမှ ဆိုက်ဘေးရီးယားဒေသကိုဖြတ်၍ အရှေ့၊ အနောက်၊ တောင်ဘက် ရထားလမ်းများအားလုံး၏ ဆုံချက်နှင့် အဆုံးသတ်တည်ရာမြို့လည်းဖြစ်သည်။ လေကြောင်းစနစ်၊ ရထားစနစ်များနည်းတူ ဘတ်စ်ကားနှင့် ထရော်လီဘတ်စနစ်များ၊ ဘတ်စ်ကားဂိတ်များ၊ တက္ကစီစနစ်မှအစ ရေကြောင်းခရီးသည်တင် waterbus စနစ်အထိ အလွန်ခေတ်မီပြီး စနစ်ကျသည်ဟု မှတ်သားရပါသည်။



နိုဗိုစီဗစ်မြို့ရှိ အော့ဘ်မြစ်ကူးတံတား Bugrinsky Bridge ကို တွေ့ရစဉ်။

နိုဗိုစီဗစ်မြို့တွင် စက်မှုလုပ်ငန်းများ မည်မျှထွန်းကားသလဲဆိုလျှင် အကြီးစားနှင့် အလတ်စား စက်မှုလုပ်ငန်းပေါင်း ၂၁၄ ခုအထိရှိသည်ဟု သိရှိရသည်။ အထူးသဖြင့် လေကြောင်းအာကာသ၊ ဒုံးပျံနည်းပညာ၊ နျူကလီးယားလောင်စာ၊ တာဘိုင်နှင့် ရေအားလျှပ်စစ်ဂျင်နရေတာများ၊ ချည်မျှင်နှင့် အထည်၊ စိုက်ပျိုးရေးထုတ်ကုန်၊ အီလက်ထရွန်နစ် စက်ပစ္စည်းများ၊ ဆီမီးကွန်ဒက်တာများ၊ သံနှင့် သံမဏိလုပ်ငန်း၊ သတ္တုသန့်စင်လုပ်ငန်း၊ သံဖြူလုပ်ငန်း၊ မြေရှားသတ္တုလုပ်ငန်းများကြောင့် ယင်းမြို့သည် ရုရှားနိုင်ငံ၏ တတိယမြောက် စက်မှုထွန်းကားရာ မြို့တစ်မြို့အဖြစ် ထင်ဟပ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ရုရှားစီးပွားရေးနာမည်ကြီး ကုမ္ပဏီကြီးများစွာ၏ ဌာနချုပ်များသည် ထိုမြို့၌ လာရောက်အခြေစိုက်ရသည်အထိ ဆွဲဆောင်မှုရှိနေသည်ကို တွေ့ရခြင်းဖြစ်သည်။



အော့ဘ်မြစ်ပေါ်ရှိ ပြည်ထောင်စုအမြန်လမ်းပေါ်တွင် ရထားခုတ်မောင်းနေစဉ်။

**အားကစား၊ ဂီတနှင့် ပညာရေး**

ထိုကဲ့သို့ နိုဗိုစီဗစ်မြို့သည် စက်မှု၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့်သာ ထင်ရှားနေခြင်းမဟုတ်ပါ။ ပရော်ဖက်ရှင်နယ်ကျပြီး တက်ကြွသော အားကစားကလပ်များစွာကြောင့်လည်း ထင်ရှားပါသည်။ ဘောလုံး၊ ရေခဲပြင်ဟော်ကီ၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဖူဆယ်ကလပ်အသီးသီးက နိုင်ငံအလိုက် လိဂ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်များအထိ ချိတ်နိုင်ကြပြီး ကမ္ဘာ့အဆင့်လက်ရွေးစင်များစွာကိုလည်း မွေးထုတ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ဂီတ၊ အနုသုခုမ နယ်ပယ်များတွင်ကော ဘယ်လိုအခြေအနေများနှင့် ရှိနေပါသလဲ။ ရိုးရာဂီတတွင် ရုရှားတယောပညာရှင် အမြောက်အမြားကို ထိုဒေသလေးမှ မွေးထုတ်ပေးခဲ့ဖူးပါသည်။ ဂီတစာဆို၊ ကဗျာဆရာများစွာအပြင် စည်းချက်ကြမ်းကြမ်းနှင့် ပန့်လီဂန်း punk legend, punk rocker လူငယ်များစွာကလည်း ခေတ်နှင့်အညီ သံပြိုင်ဟစ်နေကြသည်။ နာမည်ကျော်ဂီတအဖွဲ့များပါဝင်သည့် သံစုံတီးဝိုင်းကြီးများကို ကမ္ဘာကျော် နိုဗိုစီဗစ် အော်ပရာနှင့် ဘဲလေးအက ဇာတ်ရုံကြီးအပါအဝင် ကဇာတ်ရုံများစွာနှင့် ယှဉ်တွဲမြင်ကြည့်၍လည်း ခံစားနိုင်ပါသည်။

ပညာရေးတွင်လည်း ထို့အတူပင် ဆိုက်ဘေးရီးယားနှင့် နိုဗိုစီဗစ်မြို့တွင် နိုင်ငံအဆင့်တက္ကသိုလ်များဖြစ်သည့် နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေး၊ ဗိသုကာ၊ ဒီဇိုင်း၊ အနုပညာ၊ မြို့ပြအင်ဂျင်နီယာ၊ ဆေးပညာ၊ သင်ကြားရေးအပိုင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ရေကြောင်းထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ဘူမိဗေဒ၊ စီးပွားရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ဘဏ်နှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ တက္ကသိုလ်များစွာရှိကြပြီး ထိုတက္ကသိုလ်များအားလုံးက အသိအတတ်ပညာရှင်များစွာကို မွေးထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် နိုဗိုစီဗစ်တွင် ထင်ရှားကျော်ကြားသော အဆင့်မြင့် အမျိုးသားစာကြည့်တိုက်များစွာလည်း ရှိပါသေးသည်။ ပြည်သူ့ရေးရာ၊ သိပ္ပံနှင့် နည်းပညာ၊ ဒေသဆိုင်ရာ၊ လူငယ်နှင့် ကလေးသူငယ်ဆိုင်ရာ စာကြည့်တိုက်များက အထူးနာမည်ကြီးသည်ဟုဆိုပါသည်။ စာကြည့်တိုက်နှင့်အတူ ပြတိုက်အမျိုးများစွာလည်း ထင်ရှားသည်။ ကမ္ဘာကျော် နိုဗိုစီဗစ် တိရစ္ဆာန်ဥယျာဉ်ဆိုလျှင် ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာ နေရာတစ်ခုအဖြစ်လည်း ထင်ရှားပါသည်။

အချုပ်အားဖြင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား” အမည်ရ ပဒေသာကပွဲမှတစ်ဆင့် မြန်မာနှင့် ရုရှားနှစ်နိုင်ငံတို့အကြား အပြန်အလှန်လေးစားမှုနှင့် နားလည်မှုအခြေခံသော ချစ်ကြည်ရေးကို ခိုင်ခိုင်မာမာ ညွှန်းဆိုနိုင်ခဲ့ကြပြီဟု ဆိုရပါမည်။

နိုင်ငံတော်အကြီးအကဲနှင့် ဧည့်သည်ခေါင်းဆောင်တို့၏ ပြောကြားချက်များကို ကိုးကား၍လည်း နှစ်နိုင်ငံပြည်သူများအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်းအတည်ပြုနိုင်ခဲ့ကြပါပြီ။ ဆက်လက်၍ လှပသောအနုပညာကို မျှဝေခံစားပြီး အတားအဆီးအားလုံးကို ကျော်ဖြတ်ကြရန်ဖြစ်ပါသည်။ သို့မှသာ ငြိမ်းချမ်းမှုကိုရရှိမည်၊ ချစ်ကြည်မှုကိုရရှိမည်ဟု ယုံကြည်ထား၍ ဖြစ်ပါသည်။ ။



နိုဗိုစီဗစ်မြို့၏ အထင်ကရ ဘူတာရုံ ညအလှမြင်ကွင်းကို တွေ့ရစဉ်။



နိုဗိုစီဗစ်မြို့ရှိ ပန်းခြံနှင့် နည်းပညာစင်တာကို တွေ့ရစဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး(UNOPS) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNOPS အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကန်ကြီးထောင့်မြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြို့နယ်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကန်ကြီးထောင့်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။ (**အပေါ်ပုံ**)



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေး လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများစုပေါင်း၍ မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး One Stop Service ဖြင့်ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

ယင်းနောက် ကန်ကြီးထောင့်မြို့နယ်ဦးစီးမှူးရုံး ရုံးခန်းများ၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တာဝန်ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား၍ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဓိကဆောင်ရွက်နေသော တက္ကသိုလ်များဖြစ်

**နေပြည်တော် နိုဝင်ဘာ ၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက Naypyitaw State Polytechnic University အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသည် သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကဆောင်ရွက်နေသော တက္ကသိုလ်များဖြစ်ကြောင်း၊ ဗလငါးတန်ပြည့်စုံသည့် ကျောင်းသူ ကျောင်းသားများ မွေးထုတ်ပေးရန်နှင့် သုတေသနအခြေပြု တက္ကသိုလ်များအဖြစ် နိုင်ငံနှင့် ဒေသအကျိုးပြု သုတေသနများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြောင်းလဲနေသော နည်းပညာများနှင့်အညီ သင်ကြားမှုများ အဆင့်မြှင့်တင်ရန်နှင့်သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကောင်းများဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လိုကြောင်း၊ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်ပြီး တီထွင်ဖန်တီးနိုင်စွမ်းရှိသော အသိပညာ၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးနှင့် တက္ကသိုလ်များ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။(**အပေါ်ယာပုံ**)



ထို့နောက် ဒုတိယဝန်ကြီးက ပြောင်းလဲတိုးတက်မှုနှုန်း မြန်ဆန်နေသည့် AI နည်းပညာအရွေ့နှင့်အတူ လိုက်ပါပြီး နိုင်ငံအကျိုးပြု အိုင်တီပညာရှင်များနှင့် သုတေသနများဖြင့် ရှင်သန်သက်ဝင်နေသော တက္ကသိုလ်များ ဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်ရန်နှင့် သုတေသန ရလဒ်များမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတွင် လက်တွေ့ကျကျ အသုံးချနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်အလိုက် ဆောင်ရွက်ချက်များ၊ အားသာချက်များ၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြကြသည်။

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic Universityများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၆** – မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ကထိန်ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၆**

(၅၅) ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ကထိန်ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရေစက်ချမင်္ဂလာအခမ်းအနားသို့ မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ဩဝါဒါစရိယ ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီ (မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက်) အမှူးပြုသည့် ပင့်သံဃာတော် ခြောက်ပါး၊ ကထိန်အာနိသင်ရကျောင်း ၄၉ ကျောင်းမှ သံဃာတော် ၄၉ ပါး စုစုပေါင်း ၅၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ကထိန်ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ဩဝါဒါစရိယ ဆရာတော်က သာရဏီယ ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ပဒေသာပင်ခွဲဝေ မဲချလှူဒါန်းရေးနှင့် ပတ်သက်၍ မဟာဘုံကထိန် ပဒေသာပင် စုပုံလှူဒါန်းရေးဦးစီးကော်မတီလုပ်ငန်းဥက္ကဋ္ဌ ဦးဇော်လွင်က ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းက (၅၅) ကြိမ်မြောက် မဟာဘုံကထိန် အထူးပင့် ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ကထိန်ဦးစီးကော်မတီဝင်များနှင့် ပုဂ္ဂလိက အလှူရှင်များက အထူးပင့်ဆရာတော်ကြီးများနှင့် ကထိန်အာနိသင်ရကျောင်းများမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကထိန်အာနိသင်ရ ကျောင်းများကိုယ်စား အလှည့်ကျဆရာတော်ထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲတွင် ပဒေသာပင် ၁၆၂ ခု၊ တန်ဖိုးငွေကျပ် ၂၇၃၂၈၅၉၀၀ ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်ရှိ အခြေခံပညာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျောက်မဲမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောက်မဲမြို့နယ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အဓိကအလေးထား အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍကို မြှင့်တင်ရန် KG မှ Grade –12 အထိ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ပြီးမြောက်ပြီး တက္ကသိုလ်အဆင့် ပြီးမြောက်သည်အထိ တက်ရောက်ရေးသည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်ပါကြောင်း။

Grade–12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ဆရာ ဆရာမများ၊ မိဘများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကျောင်းပြင်ပသို့ရောက်ရှိချိန်တွင် ကာယဗလ၊ စာရိတ္တများ ကောင်းမွန်စေရန် သွန်သင်ဆုံးမ ပေးကြစေလိုပါကြောင်း၊ Grade –9 အောင်မြင်ပြီးသည့်အခါတွင် Grade –12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်ပါကြောင်း၊ ယင်းမှ အဆင့်မြင့်စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည် ဖြစ်ပါကြောင်း။

သင်ကြားရေးနှင့်ပတ်သက်၍ ဆရာ ဆရာမများသည် အဓိကအရေးကြီးပါကြောင်း၊ နွေရာသီရောက်ရှိပါက သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူများက ပို့ချမည့် သင်တန်းများသို့ တက်ရောက်ရမည် ဖြစ်ပါကြောင်း၊ ယင်းသင်တန်းများသို့ တက်ရောက်နိုင်ခြင်း မရှိသူများအနေဖြင့် မြန်မာ့ပညာရေးရုပ်သံတွင် သင်ကြားပို့ချလျက်ရှိသည့် သင်ခန်းစာများမှတစ်ဆင့် လေ့လာသင်ယူနိုင်ပါကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်လာစေရေး ဆရာ ဆရာမများ၊ မိဘများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထပ်မံဖွင့်လှစ်ရန် ကျန်ရှိသည့် ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများ၊ မိဘများက ကျောင်းအပ်လက်ခံနိုင်ရေး၊ သိရှိလိုသည်များနှင့် လိုအပ်လျက်ရှိသည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောပိုးအိတ်များကို ပေးအပ်ရာ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် မြို့နယ်ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မူလတန်းကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊သင်ယူနေမှုများကို ကြည့်ရှုအားပေးကာ ကျောပိုးအိတ်များ ပေးအပ်ပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ နောင်ချိုမြို့နယ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများအတွင်းကြည့်ရှုပြီး မူလတန်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောပိုးအိတ်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ(အုမ္မသီး)သို့ ရောက်ရှိပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ထားဝယ်ဒေသအမှတ်ပေး (အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ထားဝယ် နိုဝင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ထားဝယ်ဒေသ အမှတ်ပေး(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် Young– FC အသင်းနှင့် တလိုင်းတောင် FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြရာ Young– FC အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်နိုင်က ပွဲစဉ်တစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီအသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးများက စတုတ္ထဆုရရှိသည့် လောင်းလုံး FC အသင်း၊ တတိယဆုရရှိသည့် နန်းတော်ဦး FC အသင်း၊ ဒုတိယဆုရရှိသည့် တလိုင်းတောင် FC အသင်း၊ ပထမဆုရရှိသည့် Young– FC တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းဇော်မြင့်က အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် နန်းတော်ဦး FC အသင်းအား တစ်ဦးချင်းဆုနှင့်ငွေသားဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှတ်ပေးထပ်ကျော့ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် Young– FC အသင်းနှင့် အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် နန်းတော်ဦး FC အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဂုဏ်ယူဖွယ် ဝမ်းမြောက်ဖွယ် အမှတ်တရများနှင့် တန်ဆောင်တိုင်

ရွှေစင်

**ပြက္ခဒိန်နှစ်တစ်နှစ်လုံး လအလိုက် အလှူအတန်းများ၊ ပွဲတော်များ ကျင်းပစည်ကားသည့် နိုင်ငံများအနက် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ မြန်မာတို့သည် လအလိုက် ရာသီပွဲတော်များကျင်းပပြီး အလှူအတန်းပြုလုပ်သည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့ကြသည်။ မြန်မာ့တစ်ဆယ့်နှစ်လရာသီများအနက် တန်ဆောင်မုန်းလသည် ထူးခြားသည့် လတစ်လ ဖြစ်ပါသည်။**

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပွဲတော်၊ ဆေးပေါင်းခ မဲဇလီဖူးသုပ်ဝေငှပွဲတော်၊ ပုံ့သကူအလှူတော်၊ နိဗ္ဗာန်ဈေးပွဲတော်များ၊ ကျီးမနိုးပွဲတော်၊ သာမညဖလအခါတော်နေ့ပွဲတော်များ ဟူသော ပွဲတော်အလှူတော်များဖြင့် ထင်ရှားလေးနက်သည့် လတစ်လလည်း ဖြစ်သည်။

မြန်မာလူမျိုးတို့၏ အလှူရေစက် လက်နှင့်မကွာ အလှူအတန်း ရက်ရောပုံနှင့် ချစ်စရာ မြန်မာ့ဓလေ့ထုံးစံများကို အများဆုံးတွေ့ရသည့် ကာလလည်း ဖြစ်သည်။ ထိုသို့သော ပွဲတော်များ ကျင်းပခြင်းသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို ထိန်းသိမ်းခြင်းဖြစ်သလို တစ်ဖက်တွင်လည်း လုပ်ငန်းခွင်၌ ပင်ပန်းနေကြသည့် ပြည်သူများ၏ စိတ်ကို အပန်းပြေရာလည်း ရောက်ပါသည်။



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများအား တွေ့ရစဉ်။

### တန်ဆောင်တိုင် မီးပုံးပျံပွဲတော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ၃ ရက်တိုင်တိုင် ကျင်းပခဲ့သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ကျွန်မအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခွင့်ရခဲ့ပါသည်။ ယခင်က ဒီလိုပွဲမျိုးကို မကြုံဖူး၊ မခံစားဖူးခဲ့ပါ။ ယခုနှစ်တန်ဆောင်တိုင်ပွဲတော်တွင် ဒေသခံပြည်သူများ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော မိသားစုများ၊ လူငယ်များ၊ ကလေးသူငယ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက အေးချမ်းပျော်ရွှင်စွာ အတူဆင်နွှဲခဲ့ကြပြီး စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၊ အပြင်သည် ပွဲတော်လာပရိသတ်များဖြင့် အထူးပင်စည်ကားခဲ့ပါသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲတွင် တေးသီချင်း ကပြဖျော်ဖြေခြင်းများ၊ မီးပုံးပျံငယ်များ တစ်ပြိုင်နက်လွှတ်တင်ခြင်းများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများကို ရင်သပ်ရှုမောဖွယ် ကြည့်ရှုခံစားခဲ့ရသည်။ ရောင်စုံမီးရှူးမီးပန်းများနှင့် မီးပုံးပျံကလေးများက တန်ဆောင်တိုင်ညအလှနှင့် ပနံသင့်၊ လှပ မှုတစွာဖြင့် ညကောင်းကင်ယံထက်တစ်ခွင် လှလှပပ မြူးမြူးကြွကြွ ပျံတက်သွားသည်ကို ကြည်နူးဖွယ် ဝမ်းမြောက်ဖွယ်ရှုမြင်ခဲ့ရသည်။ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ပြိုင်ပွဲအသွင် ကျင်းပနိုင်ခဲ့သည်မှာ အံ့သြစရာတစ်ခုပါ။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အထူးသဖြင့် ပြိုင်ပွဲဝင် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများလွှတ်တင်ပူဇော် ယှဉ်ပြိုင်ပွဲများကား အလွန်ပင်တက်ကြွဖွယ်အတိဖြစ်သည်။

ထိုပြိုင်ပွဲများတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ တက်တက်ကြွကြွဝင်ရောက်ယှဉ်ပြိုင်နေမှုကို အားပေးကြည့်ရှုရသည်က ကျွန်မအတွက် အားကျ၊ အားရစရာလည်းဖြစ်ရသည်။ ပြိုင်ပွဲဝင် မီးပုံးပျံများပေါ်တွင် ရောင်စုံပန်းချီများဖြင့် လှလှပပခြယ်သထားသည်မှာ အလွန်ရင်သပ်ရှုမောဖွယ်ရာပင်။ ခမ်းနားထည်ဝါမှုနှင့် တက်ကြွမှုကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။ စိန်နားပန်မီးပုံးပျံအလှကလည်း ရင်ခုန်ဖွယ်အတိ၊ ပြိုင်ပွဲအသွင်ဖြစ်သည့်အတွက် ရင်တမမနှင့် ကြည့်ရှုခဲ့ရသည်။ မာရဝိဇယဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးအလှအပများကြောင့်လည်း ဘုရားပရိဝုဏ်ကြီးက ပို၍ကျက်သရေရှိသွားသည့်အပြင် ရောင်စုံမီးပုံးပျံများ၏ အလှအပများကြောင့်လည်း ပိုမိုတင့်တယ်သွားရပါတော့သည်။

### မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း

တန်ဆောင်မုန်းလတွင် ထူးခြားသည့် နောက်ထပ်အလှူပွဲတစ်ခုကား မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ထုံးတမ်းအစဉ်အလာကောင်းတစ်ခုလည်းဖြစ်သည်။ အရုဏ်မတက်မီ ရက်ပြီး၊ ချုပ်ပြီး၍ ရသောသင်္ကန်းကို မြတ်စွာဘုရားအား ရည်စူးကပ်လှူကြရာမှ ထိုသင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်သည်ဟု မှတ်သားဖူးပါသည်။ ထို့ကြောင့်လည်း တန်ဆောင်မုန်းလအခါသမယတွင် နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်၌ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်ပူဇော်ခြင်း အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်လေ့ရှိသည့်အတိုင်း မာရဝိဇယဘုရားကြီးအတွင်းတွင်လည်း မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းကို ပြိုင်ပွဲအသွင် ကျင်းပပြုလုပ်သည်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရှိရပါသည်။ တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များ စတင်ရက်လုပ်ပြီး လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

“ တန်ဆောင်တိုင်ဟူသည် လေးနက်လွန်းလှပါသည်။ ပျော်ရွှင်ပွဲသာမက မိမိတို့မှာ သာသနာ့တာဝန်ရှိနေသည်ကိုလည်း မမေ့အပ်ပါ။ အပျော်လွန်လျှင် အကုသိုလ်ဖြစ်၊ အပယ်လားမည်ကို သတိပြုရပါမည်။ သာသနာ့ဝန်ကို ထမ်းခွင့်ရ၍ ကုသိုလ်ထူးလျှင် သုဂတိဘုံ (ကောင်းသောဘဝသို့) လားရောက်ရပါမည်။ အနှစ်သာရအားဖြင့် တန်ဆောင်တိုင်လပြည့်ကို သာမညဖလအခါထူးအဖြစ် ဆင်ခြင်သင့်သည်။ သာမညဖလသုတ်တော်လာ အဇာတသတ်မင်းကြီး၏ဘဝဖြစ်စဉ်ကို အထူးသတိရသင့်သည်။ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးများကို ယခုထက် နားလည်ထားသင့် ”

စာမျက်နှာ ၁၁ သို့





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော် ဖျော်ဖြေရေးအစီအစဉ်များတွင် ပြည်သူများ တပျော်တပါး တစ်ခဲနက် ပါဝင်ဆင်နွှဲကြစဉ်။

# ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများ ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၆**

ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများအား ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါပိုးအားလုံး ကူးစက်မှုပပျောက်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ငှက်ဖျားရောဂါထိန်းချုပ်ရေးတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု အရေအတွက်သည် ၈၈ ရာနှုန်း လျော့ကျခဲ့ပြီး သေဆုံးမှုမှာ ၉၇ ရာနှုန်းအထိ လျော့ကျခဲ့ပါကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပြီး နောက်ပိုင်း ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့် ကူးစက်မှုပပျောက်ရေး လုပ်ငန်းများ၊ အထူးသဖြင့် ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်သည့် ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် Entomological (ပိုးမွှားဗေဒဆိုင်ရာ) စောင့်ကြပ်ကြည့်ရှုလေ့လာရေး လုပ်ငန်းများ၏ တိုးတက်မှုကို ထိခိုက်စေခဲ့ပါကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ငှက်ဖျားရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၂၆၅၆၂ ဦးကို စစ်ဆေးတွေ့ရှိကုသပေးနိုင်ခဲ့ပါကြောင်း၊ ငှက်ဖျားရောဂါ စောင့်ကြပ်ကြည့်ရှုလေ့လာခြင်း၊ ရောဂါဖြစ်ပွားမှု တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်နှင့် ရွှေ့ပြောင်းသွားလာသူများအကြား ငှက်ဖျားရောဂါ စစ်ဆေးကုသမှုများကို သေချာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုပြုလုပ်သည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဆန်းစစ်သုံးသပ်မှု တွေ့ရှိချက်များနှင့် အကြံပြုချက်များကို နောင်လာမည့် ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့် ကူးစက်မှုပပျောက်ရေးအတွက် အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၆-၂၀၃၀) ကို ပြင်ဆင်ရာတွင် အလွန်အသုံးဝင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူး (ရပကန)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ) မှ တာဝန်ရှိသူများနှင့် Malaria Programme Review အတွက် ကျွမ်းကျင်သူ ပြင်ပပညာရှင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ထူးခြားသည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းပြိုင်ပွဲကို ကမ္ဘာ့အမြင့်ဆုံး ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်ကို ပထမဆုံးအကြိမ် ကြည့်ရှုအားပေးခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရပါသည်။ အချိန်တိုအတွင်း ရက်လုပ်ရသည့်အတွက် ပြိုင်ပွဲဝင်များ၏ စည်းလုံးမှု၊ ဇွဲ၊ လုံ့လဝီရိယနှင့် စိတ်ရှည်သည်းခံမှုများ၊ ကုသိုလ်တရား၏ စေ့ဆော်မှုနှင့်အတူ သင်္ကန်းရက်လုပ်ကျွမ်းကျင်ပိုင်နိုင်ပုံများကို တွေ့မြင်ခွင့်ရသည့်အတွက်လည်း ပြိုင်ပွဲဝင်များနှင့် ထပ်တူကုသိုလ်ထူးတစ်ခု ရရှိခဲ့ပါသည်။ ပို၍ပင် ဝမ်းမြောက်ကြည်နူးဖြစ်ခဲ့ရသည်။

### ပွဲဈေးတန်းတွင် လျှောက်လည်ကာ ပျော်စရာဖွေရှာ

တန်ဆောင်တိုင်ပွဲဈေးအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသည်ကိုလည်း လည်ပတ်ခွင့်ရခဲ့သည်။ လေ့လာခွင့်ရခဲ့သည်။ ဈေးသက်သက်သာသာဖြင့် ဝယ်ယူခွင့်ရသည့်အတွက် ပျော်စရာလည်း ဖြစ်ခဲ့ရသည်။

ပွဲတော်ဈေးတွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော ဧည့်ပရိသတ်များက ကျောက်ပန်းချီများနှင့် ကျောက်မျက်ရတနာများ၊ လက်မှုပန်းချီများ၊ ချည်ထည်၊ အဝတ်အထည်များ၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရပစ္စည်းများအဖြစ် စိတ်ကြိုက်ဝယ်ယူခွင့်ရခဲ့ကြသည်။ ထို့ပြင် မြန်မာမုန့်မျိုးစုံ၊ ရှမ်းအစားအစာ၊ ရခိုင်အစားအစာအပါအဝင် အခြားစားသောက်ဖွယ်ရာ ဈေးဆိုင်များတွင် အရသာသစ်များကို မြည်းစမ်းကြသူများ၊ ဝယ်ယူစားသုံးကြသူများဖြင့် အထူးစည်ကားခဲ့သည်။ ဤသည်မှာ တန်ဆောင်တိုင်ပွဲတော်ကို အခြေပြု၍ MSME လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းတစ်ခုပင်ဖြစ်ပါသည်။ စားသုံးသူများနှင့် တိုက်ရိုက်ထိတွေ့ ရောင်းချခွင့်ရသည့်အတွက် စားသုံးသူများအနေဖြင့်လည်း အရည်အသွေးမြင့် ဒေသထုတ်ကုန်များ၊ ဒေသအစားအစာများကို တိုက်ရိုက်ဝယ်ယူခွင့်၊ စားသုံးခွင့် အခွင့်အရေးကောင်းတစ်ခုရခဲ့သည်ဟု ဆိုနိုင်သည်။

ပွဲတော်ကျင်းပသည့် သုံးရက်တာအတွင်း



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲဈေး၌ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားနေသည်ကို တွေ့ရစဉ်။

ဈေးပွဲတော်နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များက သီဆိုဖျော်ဖြေခဲ့ကြသည်။ အခမဲ့ဖျော်ဖြေရေးအစီအစဉ်ဖြစ်ပြီး နိုင်ငံကျော်အနုပညာရှင်များ၏ ခေတ်ပေါ်တေးဂီတ စတိတ်ရှိုးပွဲများတွင် လူငယ်လူရွယ်များ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာကခုန်နေကြပုံမှာလည်း အခြားသူများထံ အပျော်များကူးစက်စေသည်။ တေးသံရှင်များ၏ တေးသီချင်းများ မြူးမြူးကြွကြွ သီဆိုဖျော်ဖြေမှုများကို ပရိသတ်များက အတူလိုက်ပါ စီးမြောကခုန်ရင်း စိတ်အပန်းပြေ လွတ်လပ်မှုကို အပြည့်အဝခံစားခဲ့ရသည်။

အလားတူ နိုင်ငံကျော်ဇာတ်သဘင်မင်းသား ဖိုးချစ်၏ ခေတ်မီဇာတ်သဘင်စင်မြင့် အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရုပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ ပေါင်းစပ်တီးခတ်မှုများကလည်း တစ်မျိုးဆန်းသစ်ပြီး မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ ထူးခြားပြောင်မြောက်သည့် ဇာတ်သဘင်အနုပညာ ပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုများက ပရိသတ်ကြီးငယ်မရွေး အကြိုက်တွေ့စေခဲ့သည့်အပြင် မြန်မာ့ဇာတ်သဘင် ခေတ်မီဆန်းသစ်မှုများက တန်ဆောင်တိုင်အလှကို ပိုမိုထင်ဟပ်စေခဲ့သည်။

မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများနှင့် ကလေးသူငယ်များ စိတ်အပန်းပြေ ပျော်ရွှင်မှုရှိစေရေး ကလေးကစားနည်းမျိုးစုံကို ထည့်သွင်းစီစဉ်ထားသည့်အတွက်လည်း လူကြီးများအတွက်သာမက ကလေးငယ်များအတွက်လည်း မည်မျှအလေးထားသည်ကို ဖော်ပြရာရောက်ပါသည်။

### လုံခြုံမှုအတွက်လည်း မပူပင်ရ

ပျော်ပွဲရွှင်ပွဲ၊ ဘုရားပွဲ မည်သည့်အခမ်းအနားမဆို လုံခြုံမှုက အရေးကြီးပါသည်။ ပါဝင်ဆင်နွှဲသည့် ပြည်သူအများ အေးချမ်းပျော်ရွှင်ရန်၊ ဘေးကင်းရန်ရှင်းရန်အတွက်လည်း လုံခြုံရေးက အရေးကြီးလှသည်။ အစားအသောက်လုံခြုံရေးကို ဂရုစိုက်ရမည်ဖြစ်သလို ကျန်းမာမှုလုံခြုံရေးကိုလည်း အထူးအလေးထားရမည်မှာ တာဝန်တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ စနစ်တကျရှိစေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများက ပွဲတော်လာပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ပါက ကုသမှုပေးနိုင်ရန်အတွက် ဆေးခန်းများဖွင့်လှစ်၍ လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီက ပွဲတော်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းခြင်းကိုလည်းကောင်း ပွဲတော်ကျင်းပသည့် သုံးရက်တာအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြကြောင်း သိရှိရပါသည်။

အချုပ်အားဖြင့် တန်ဆောင်တိုင်ဟူသည် လေးနက်လွန်းလှပါသည်။ ပျော်ရွှင်ပွဲသာမက မိမိတို့မှာ သာသနာ့တာဝန်ရှိနေသည်ကိုလည်း မမေ့အပ်ပါ။ အပျော်လွန်လျှင် အကုသိုလ်ဖြစ်၊ အပယ်လားမည်ကို သတိပြုရပါမည်။ သာသနာ့ဝန်ကိုထမ်းခွင့်ရ၍ ကုသိုလ်ထူးလျှင် သုဂတိဘုံ (ကောင်းသောဘဝသို့ ) လားရောက်ရပါမည်။ အနှစ်သာရအားဖြင့် တန်ဆောင်တိုင်လပြည့်ကို သာမညဖလအခါထူးအဖြစ် ဆင်ခြင်သင့်သည်။ သာမညဖလသုတ်တော်လာ အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်ကို အထူးသတိရသင့်သည်။ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးများကို ယခုထက် နားလည်ထားသင့်ပါသည်။

**ဤအနှစ်များကိုယူ၍ ရတနာသုံးပါးကို ပို၍ကြည်ညိုသင့်ကြသည်။ မိဘဆရာသမားများကို ပို၍ဂါရဝတရား ထားသင့်ကြပါသည်။ ကံ၊ ကံ၏အကျိုးကို ပို၍ယုံကြည်သင့်ပါသည်။ အမှန်တကယ်ပင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံးသည် တန်ဆောင်မုန်းလပြည့်နေ့မှာ မသိုးသင်္ကန်းကို မြတ်စွာဘုရားထံပူဇော်ခြင်းကဲ့သို့သော ကုသိုလ်အထူးကို ပြုခဲ့ကြပြီဖြစ်၍ မင်းနှင့်ပြည်သူ၊ ပြည်သူအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုဖြင့် မြဲမြံသည့် ကထိနကုသိုလ်ကို လက်ဝယ်ပိုင်ပိုင်ရခဲ့ကြပါပြီ။** ။

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် - ၄၅ သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် - ၄၅ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တိကျမှန်ကန်သည့် စာရင်းဆိုင်ရာအချက်အလက်များပြုစုရေးသွင်းသူ၊ စာရင်းကျွမ်းကျင်သူများသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံစာရင်းကောင်စီအနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သော စာရင်းကျွမ်းကျင်သူ လူ့စွမ်းအားအရင်းအမြစ်များကို လုံလောက်စွာ မွေးထုတ်ပေးနိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ သင်တန်းမှ စာရင်းပညာဖြင့်








အသက်မွေးဝမ်းကျောင်း ပြုမည့်သူများအတွက် အခြေခံကောင်းများလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ယူလေ့လာမှုတွင် ရည်မှန်းချက်မြင့်မားစွာထားရှိပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်သည်အထိ နားလည်တတ်မြောက်စေရေး အလေးအနက်ထား လေ့လာသင်ယူကြရန်၊ ဝေဖန်ပိုင်းခြားသုံးသပ်နိုင်သည်အထိ ဖြစ်စေရေး ဆက်လက်ဆည်းပူးကြရန်၊ ကျင့်ဝတ်ဆိုင်ရာများ သိရှိလိုက်နာကြရန်နှင့် အနာဂတ်တွင် နိုင်ငံတော်အတွက် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်သည့် စာရင်းကျွမ်းကျင်သူများ ဖြစ်စေရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ ရန်ကုန်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်သင်တန်းကျောင်းတွင် သင်တန်းသား ၇၈ ဦးနှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၇၆ ဦး စုစုပေါင်း သင်တန်းသား ၁၅၄ ဦးတို့ကို ဘာသာရပ်ခြောက်ခုဖြင့် (၁၀) လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များ၊ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေး ကော်မတီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော တောင်ခမ်းမြို့၊ နောင်ချိုမြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် အဆိုပါ ဒေသတစ်ဝိုက်တို့ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်၍ အဆိုပါမြို့များကို ဒေသခံပြည်သူများ၏ လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက သီပေါမြို့နယ် မန်လီကျေးရွာရှိ နယ်မြေခံတပ်၌ ကြိုဆိုဂုဏ်ပြုကြသည်။



အကြမ်းဖက်သမားများအား နှိမ်နင်း၍ မြို့ရွာဒေသများကို တည်ငြိမ်အေးချမ်းစေရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ပေးခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး ဘင်ခရာအဖွဲ့များ၊ ရှမ်းရိုးရာအကအဖွဲ့များနှင့် အိုးစည်ဒိုးပတ်အဖွဲ့များကလည်း အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ကျော့ဖုံးမှ*

ထို့အပြင် ဒွေါမွန်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲတွင် ခံစစ်က ပေးဂိုး ၁၁ ဂိုးအထိ ခွင့်ပြုပေးထားရပြီး ခံစစ်အဆိုးရွားဆုံး အသင်းထဲ ပါဝင်နေသည်။

**တစ်ဖက်သုံးဂိုးစီ သရေကျခဲ့**

အခြား ပွဲစဉ်ရလဒ်များတွင် ပါဖို့စ်အသင်းက ဗီလာရီးရဲကို တစ်ဂိုး-ဂိုးမရှိ၊ ဂါလာတာစရေးက အိုင်းယက်စ်ကို သုံးဂိုး-ဂိုးမရှိ၊ လေဗာကူဆင်က ဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိ၊ အင်တာမီလန်က ကိုင်ရတ်ကို နှစ်ဂိုး-တစ်ဂိုး၊ အတ္တလန်တာက မာဆေးလ်ကို တစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က ဘီလ်ဘာအိုကို နှစ်ဂိုး-ဂိုးမရှိဖြင့် ဘအသီးသီး နိုင်ပွဲရရှိခဲ့ပြီး ကာရာဘတ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ကလပ်ဘရုဂေးနှင့် ဘာစီလိုနာအသင်း ပွဲစဉ်တွင်လည်း တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျိုက်မရောမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲကျင်းပ

**ကျိုက်မရော နိုဝင်ဘာ ၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲကို ယနေ့မွန်းလွဲပိုင်းက နောင်လုံကျေးရွာ အ.မ.က(မူလွန်) ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးကြည်က အမျိုးသားအောင်ပွဲနေ့အကြို ဟောပြောပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ မူလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိလာပြီး အမျိုးသားသဘာဝဘေးအန္တရာယ်အခြေအနေအဖြစ် ကြေညာ

**မနီလာ နိုဝင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ၌တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီကြောင့် သေဆုံးသူ ၁၀၀ ကျော်လာပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

ကယ်ဆယ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်တင်ရန် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မာကို့စ်ဂျူနီယာက အမျိုးသားသဘာဝဘေးအန္တရာယ်အခြေအနေအဖြစ် နိုဝင်ဘာ ၆ ရက်တွင် ကြေညာခဲ့သည်။ အမျိုးသားသဘာဝဘေးအန္တရာယ် အခြေအနေအဖြစ် ကြေညာခြင်းဖြင့် ပုံမှန်ဗျူရိုကရေစီလုပ်ငန်းစဉ်များကို ကျော်ဖြတ်စရာမလိုဘဲ အစိုးရအနေဖြင့် အကူအညီအထောက်အပံ့များ ချက်ချင်းပေးနိုင်မည်ဟု မာကို့စ်ကပြောသည်။

နိုင်ငံအတွင်း နောက်ထပ်ဝင်ရောက်လာနိုင်ဖွယ်ရှိသည့် မုန်တိုင်းတစ်ခုအကြောင်းကိုလည်း ဖော်ပြခဲ့သည်။ နိုဝင်ဘာ ၄ ရက်က ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် ၁၁၄ ဦးသေဆုံးကာ ပျောက်ဆုံးသူ ၁၂၇ ဦးရှိသည်ဟု အာဏာပိုင်များက ပြောသည်။

အဆိုပါမုန်တိုင်းကြောင့် အထူးသဖြင့် စီဘူးပြည်နယ်တွင် ရေကြီးမှုနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ စီဘူးပြည်နယ်တစ်ခုတည်းတွင်ပင် သေဆုံးသူ ၇၀ ကျော်ရှိခဲ့သည်။ စက်တင်ဘာလနှောင်းပိုင်းက စီဘူးကျွန်းတွင် ပြင်းအား ၆ ဒသမ ၉ ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ယခုတစ်ကြိမ် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

မုန်တိုင်းကြောင့် ထိခိုက်ခံစားရသူများကို ကူညီထောက်ပံ့နိုင်ရန်အတွက် အပျက်အစီးများကို အကဲဖြတ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ




# ဩစတြေးလျနိုင်ငံအရှေ့မြောက်ပိုင်း၌ မီးလောင်မှုကြောင့် အမျိုးသားတစ်ဦးနှင့် ကလေးသုံးဦး သေဆုံး

**ဆစ်ဒနီ နိုဝင်ဘာ ၆**

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကွင်းစ်လန်းပြည်နယ်၌ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားပြီးနောက်လေးဦးသေဆုံးကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီမတိုင်မီ ပြည်နယ်မြို့တော် ဘရစ်ဘိန်း၏ အနောက်မြောက်ဘက် ၆၅၀ ကီလိုမီတာကျော်အကွာ ကွင်းစ်လန်းမြို့ အလယ်ပိုင်း အိမ်ရာတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။




မီးလောင်မှုကြောင့် အမျိုးသားတစ်ဦးနှင့် ကလေးသုံးဦး သေဆုံးခဲ့ကြောင်း မီဒီယာများ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မတော်တဆမှုမှာ မယုံကြည်နိုင်စရာ အဖြစ်ဆိုးတစ်ခုဖြစ်ကြောင်း ကွင်းစ်လန်းပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်ခရစ်ဆာဖူလီက သတင်းထောက်များကို ပြောကြားသည်။ ရဲတပ်ဖွဲ့က မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စတင်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# တူကီယဲနိုင်ငံ၌ အရက်တုရောင်းချမှုဖြင့် သံသယရှိသူ ၁၇၉ ဦးကို ဖမ်းဆီးထိန်းသိမ်း

**အစ္စတန်ဘူလ် နိုဝင်ဘာ ၆**

တူကီယဲနိုင်ငံ၌ တရားမဝင်အရက်များနှင့် အရက်တုရောင်းချမှုများကို တစ်နိုင်ငံလုံးအနှံ့ နှိမ်နင်းမှုပြုလုပ်ခဲ့ပြီး သံသယရှိသူ ၁၇၉ ဦးကို ဖမ်းဆီးထားသည်ဟု ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက နိုဝင်ဘာ ၆ ရက်တွင် ပြောသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၈၁ ခုတွင် နိုဝင်ဘာ ၅ ရက်က စစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးက လူမှုကွန်ရက်မီဒီယာပေါ်တွင် ဖော်ပြခဲ့သည်။ တရားမဝင်အရက်တု ပုလင်းပေါင်း ၃၀၈၃၆ လုံး၊ အီသနော ၁၆၈၈၈ လီတာနှင့် အရက်တု ၄၅၆၄ လီတာကို သိမ်းဆည်းနိုင်ခဲ့သည်။ တရားမဝင်အရက်ထုတ်လုပ်သည့် စက်ရုံ ၁၃ ရုံကိုလည်း အာဏာပိုင်များက ဖော်ထုတ်ဖမ်းဆီးခဲ့သည်။ ရာဇဝတ်အဖွဲ့အစည်းများကိုနှိမ်နင်းကာ ပြည်သူ့ကျန်းမာရေး လုံခြုံစိတ်ချရမှုရှိစေရေး အစိုးရကဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးက အလေးပေးဖော်ပြခဲ့သည်။ အတုအပထုတ်ကုန်များသည် ကျန်းမာရေးကိုထိခိုက်စေပြီး အထူးသဖြင့် နှစ်သစ်ကူးကာလတွင် အရက်တုသောက်သုံးမိခြင်းကြောင့် သေဆုံးမှုများ ဖြစ်ပေါ်စေသည့်အတွက် တရားမဝင်ရောင်းချသည့်အရက်များကို မဝယ်ရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ ငွေကြေးလိမ်လည်ထုတ်ယူသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**တိုကျို နိုဝင်ဘာ ၆**




ဘဏ်အဖွဲ့အစည်းတစ်ခုအတွက် အလုပ်လုပ်နေသူများ ဟန်ဆောင်ပြီး သက်ကြီးရွယ်အိုတစ်ဦးကို ငွေကြေး လိမ်လည်လှည့်ဖြားမှုဖြင့် သံသယရှိသူခုနစ်ဦးကို ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

**ငွေကြေးလိမ်လည်လှည့်ဖြား**

အသက် ၄၀ အရွယ် တာကာဟာရှိမူနီမာဆာနှင့် အခြားခြောက်ဦးတို့သည် လွန်ခဲ့သောနှစ် နိုဝင်ဘာလတွင် တိုကျိုမြို့အနီးဆိုင်တာမခရိုင်၌ အသက် ၈၀ ကျော်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို ငွေကြေးလိမ်လည်လှည့်ဖြားခဲ့သည်။

**ပြောဆိုစည်းရုံးခဲ့**

အဆိုပါ ငွေကြေးလိမ်လည်ထုတ်ယူသည့်အဖွဲ့သည် ဘဏ်အဖွဲ့ အစည်းဝန်ထမ်းများအဖြစ် ဟန်ဆောင်ပါဝင် လှုပ်ရှားခဲ့ပြီး အမျိုးသမီးကြီးကို ဘဏ်ကတ်တစ်ခုလုပ်ရန် လိုအပ်ကြောင်း ပြောဆိုစည်းရုံးခဲ့ကြသည်။

**ထုတ်ယူခဲ့ကြ**

ငွေကြေး လိမ်လည်သူများသည် အဆိုပါအမျိုးသမီးကြီး၏ အေတီအမ်ကတ်ထဲမှ ယန်းလေးသန်း (အမေရိကန်ဒေါ်လာ ၂၆၀၀၀) ခန့်ကို လိမ်လည်ထုတ်ယူခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့ကို ငွေကြေးလိမ်လည်မှုနှင့် ခိုးမှုတို့ဖြင့် သံသယရှိခဲ့သည်။

ရဲတပ်ဖွဲ့သည် ငွေကြေးလိမ်လည်ထုတ်ယူသူများ အပါအဝင် ၂၉ ဦးပါအဖွဲ့ကို ၂၀၂၃ ခုနှစ်ကတည်းက ဖမ်းဆီးခဲ့သည်။

**ပြန်လည်ထွက်ပေါ်လာ**

သို့သော် တာကာဟာရှိနှင့် အခြားခြောက်ဦးတို့သည် လုံခြုံရေးကင်မရာ မှတ်တမ်းစစ်ဆေးမှုတစ်ခုတွင် တစ်ဖန်ပြန်လည်ထွက်ပေါ်လာခဲ့ပြန်သည်။

**ခေါင်းဆောင်ဖြစ်မည်ဟု ယုံကြည်**

တာကာဟာရှိ ကို အုပ်စုခေါင်းဆောင်ဖြစ်မည်ဟု ယုံကြည်လက်ခံကြပြီး ငွေကြေးလိမ်လည်ထုတ်ယူရာတွင် စီစဉ်ကြီးကြပ်သူဖြစ်မည်ဟု ယူဆထားသည်။

လပေါင်း ၃၀ ခန့်တွင် အဆိုပါအုပ်စု၏လှုပ်ရှားဆောင်ရွက်မှုများကြောင့် ငွေကြေးဆုံးရှုံးမှုသည် ယန်း ၂ ဒသမ ၂ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၄ သန်းရှိမည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံချက်အတွင်း လူပေါင်း ၉၈၀ ကို ဖမ်းဆီး

**ကိုလံဘို နိုဝင်ဘာ ၆**

သီရိလင်္ကာနိုင်ငံရဲတပ်ဖွဲ့သည် ဆက်လက်လုပ်ဆောင်နေသည့် “A Nation United” မူးယစ်ဆေးဝါးဆန့်ကျင်ရေးလှုပ်ရှားမှု အစိတ်အပိုင်းတစ်ခုအဖြစ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက်များအတွင်း နိုဝင်ဘာ ၅ ရက်တွင် လူပေါင်း ၉၈၀ ကို ဖမ်းဆီးခဲ့ကြောင်း နိုဝင်ဘာ ၆ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုဝင်ဘာ ၅ ရက်က မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းစုစုပေါင်း ၁၀၅၃ မှုကို ဆောင်ရွက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ အဆိုပါ လုပ်ငန်းအတွင်း ဘိန်းဖြူ ၃ ဒသမ ၃၂ ကီလိုဂရမ်၊ စိတ်ကြွဆေး ၁ ဒသမ ၁၁ ကီလိုဂရမ်၊ ဆေးခြောက် ၅၄ ဒသမ ၄၃ ကီလိုဂရမ်နှင့် အခြားဆေးခြောက် ၁၁ ဒသမ ၃၃ ကီလိုဂရမ်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒိုးအကပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒိုးအကပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

ဦးစွာ ဒိုးအကပြိုင်ပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ရိုးရာဒိုးအကသမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒိုးရင်းတိုက်နယ်ကိုယ်စားပြု လှိုင်ကမ္ဘာကျေးရွာဒိုးအဖွဲ့က မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒိုးအကပြိုင်ပွဲတွင် ဒိုးအဖွဲ့ ၂၀ က တစ်ဖွဲ့လျှင် တစ်ရက်ခြား နှစ်ကျော့ ယှဉ်ပြိုင်မည်ဖြစ်ပြီး အကောင်းဆုံး ၁၀ ဖွဲ့ရွေးချယ်၍ ထပ်မံယှဉ်ပြိုင်စေကာ တေးသီချင်းဆု၊ ဆုတောင်းတေး(ရာခဲ့ညာ)ဆု၊ ဒိုးအကဆုနှင့် ဘက်စုံထူးချွန်ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကရင်ပြည်နယ်နေ့မုခ်ဦးပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုပြခန်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံပြခန်းများ၊ ဒေသတွင်း MSME ထုတ်ကုန်ပြခန်းများ၊ အရောင်းပြခန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



အထိမ်းအမှတ် ဒိုးအကပြိုင်ပွဲ ပထမညယှဉ်ပြိုင်မှုအဖြစ် ဒိုးအဖွဲ့ ၁၀ ဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် တောင်ငူအကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် တောင်ငူမြို့ရှိ တောင်ငူအကျဉ်းထောင်၊ တောင်ငူမြို့မ ရဲစခန်းအချုပ်ခန်းနှင့် ကေတုမတီဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

တောင်ငူအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံ၍ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများ ရရှိခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကု ဆရာဝန်ကြီးများ လာရောက် ဆေးကုသပေးမှု၊ ကျန်းမာရေး ဟောပြောပွဲများ ဆောင်ရွက်ပေးနေမှု၊ ရောဂါအခြေအနေအပေါ်မူတည်၍ပြင်ပဆေးရုံများသို့တင်ပို့ကုသပေးမှု၊ သန့်ရှင်းသောသောက်ရေ ပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှုတို့ကို မေးမြန်းပြီး အကျဉ်းသား၊ အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများ ကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းက လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသား မိသားစုဝင်တို့ကို ထောင်ဝင်စာအခက်အခဲ ရှိ/မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိ တို့ကို မေးမြန်းပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ ၁၀ ဦးကို မေးမြန်းမှတ်တမ်းတင်ကာ ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်က လှူဒါန်းသည်။

ယင်းနောက် ကေတုမတီဘိုးဘွားရိပ်သာကို ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို အိပ်ဆောင်များ၌ သွားရောက်တွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင်ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှုနှင့် အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ အဘိုးအဘွားများအားလုံး မဲပေးနိုင်ရေး စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ငူမြို့မ ရဲစခန်းအချုပ်ခန်းနှင့် အမှတ်(၂) နယ်မြေရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန် ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုနှင့် အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အချုပ်သားများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ယန္တရား)၌ နိုဝင်ဘာ ၆ ရက်က အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း ဆောင်ရွက်စဉ်။

ဇော်ဘီ

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၆**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

**၆ - ၁၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၆ | ၅၁၆၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၄၄၄၅ | ၁၅၅၅၇၅၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၃ | ၁၀၂၇၀၀ |
| FPB | ၂၃၀၀ | ၂၃၀၀ | ၁၁၆ | ၂၆၆၈၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၃၀၁ | ၈၅၇၈၅၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၇၆၅ | ၃၀၆၄၀၀၀ |
| AMATA | ၃၅၀၀ | ၃၅၀၀ | ၃၀၃ | ၁၀၆၀၅၀၀ |
| MAEX | ၃၂၀၀ | ၃၁၅၀ | ၂၀၃ | ၆၄၀၈၀၀ |

# ပြည်သူ့ရှေ့ဆောင်ပါတီ(PPP) က
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၆

**ပြည်သူ့ရှေ့ဆောင်ပါတီ PEOPLE'S PIONEER PARTY (PPP) ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ခိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ပီသုံးလုံးပါတီလို့ လူသိများတဲ့ ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ မူဝါဒနဲ့ လုပ်ငန်းစဉ်များကို အခြေပြုပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ (Programmatic Party) ဖြစ်ပါတယ်။ ပါတီရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝ အဓိက၊ ငြိမ်းချမ်းလုံခြုံစွာ ကြီးပွားကြ" ဆိုတဲ့ အတိုင်း ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းမွန်တဲ့ အနာဂတ် တည်ဆောက်ဖို့ ချမှတ်ထားတဲ့ မူဝါဒများနဲ့ လုပ်ငန်းစဉ်များကို ရက် (၁၀၀) စီမံချက်၊ (၁) နှစ်နဲ့ (၅) နှစ် စီမံချက်များအဖြစ် စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

ကျွန်မတို့ မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကစပြီး ၂၀၂၂ ခုနှစ် နှောင်းပိုင်းအထိ ခံစားခဲ့ရတဲ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ဘေးကြီး မပြီးဆုံးခင်မှာဘဲ နိုင်ငံရေး အပြောင်းအလဲများနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ တစ်ဆက်တည်းဆိုသလိုပဲ ၂၀၂၃ ခုနှစ် မိုခါ မုန်တိုင်း၊ ၂၀၂၄ ခုနှစ် ယာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံခြင်း၊ ၂၀၂၅ ခုနှစ် မတ်လမှာ မန္တလေးငလျင်ကြီးဒဏ်တို့ကို ပြင်းထန်စွာ ခံစားခဲ့ကြရပါတယ်။ ဒါ့အပြင် လျှပ်စစ်မီး မလုံလောက်မှုနဲ့ ကုန်ကြမ်းတင်သွင်းမှု အကန့်အသတ်များကြောင့် ပြည်တွင်း စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်မှု စရိတ်စကများ ကြီးမြင့်လာပါတယ်။ လုံခြုံရေး စိန်ခေါ်မှုများနဲ့ တရားမဝင် ဂိတ်များ ဖွင့်လှစ်ထားခြင်းကြောင့် သယ်ယူပို့ဆောင်စရိတ်တွေ မြင့်တက်လာလို့ ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်လာတာကို ပြည်သူတစ်ရပ်လုံး ခါးစည်းခံနေကြရပါတယ်။

နိုင်ငံရေးမှာလည်း ပြည်သူများအကြား စည်းလုံးညီညွတ်မှု ပြိုကွဲပြီး ပဋိပက္ခများကြောင့် လုံခြုံရေး စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေကြရလို့ ငြိမ်းချမ်းစွာ နေထိုင်လိုကြကြောင်း ပြင်းပြတဲ့ဆန္ဒများ ပြည်သူတစ်ရပ်လုံးမှာ ရှိနေတာကို တွေ့ရပါတယ်။ ပြည်သူ့ရှေ့ဆောင်ပါတီအနေနဲ့ လူထုဘဝများ ငြိမ်းချမ်းလုံခြုံစွာရှိဖို့အတွက် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုတဲ့ ပဋိပက္ခများ လျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။ ပဋိပက္ခတွေ အကြားမှာ လူငယ်တွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးလာလို့ ကျေးလက်က မြို့ပေါ်၊ ပြည်တွင်းက ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများပြားလျက်ရှိပါတယ်။ လူမှုကွန်ရက်ပေါ်က ရိုက်ခတ်လာတဲ့ အမြင်မတူ၊ ခွဲခြားဆက်ဆံခံရမှုများကြောင့် ယနေ့ လူငယ်မျိုးဆက်သစ်များရဲ့ အနာဂတ် မရေရာမှုကြောင့် ကမ္ဘာ့အလယ်မှာ မျက်နှာငယ်စရာတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ပြည်သူလူထုကြီးရှင့် ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီရဲ့ ၂၀၂၅ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာ အပိုင်း (၃) ပိုင်းနဲ့ တင်ပြထားပါတယ်။ ပထမပိုင်းအနေနဲ့ "လူထုဘဝ အဓိက" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အိမ်ထောင်စုတိုင်းအတွက် အမြန်ဆုံးအကျိုးရှိနိုင်မည့် အောက်ပါပြည်သူဗဟိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) ပထမဦးစွာ ပြည်သူတစ်ရပ်လုံးရဲ့ ဝင်ငွေနဲ့အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေဖို့ လူထုဘဝအတွက် အဓိကကျတဲ့ စိန်ခေါ်မှုကြီးဖြစ်တဲ့ ကုန်ဈေးနှုန်း အမြန်ဆုံးကျဆင်းရေးကို တစ်ဖက်က ဆောင်ရွက်သလို လူထုရဲ့ ဝင်ငွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းများကို တိုးတက်ဖို့ ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့ လူငယ်တိုင်း အလွယ်တကူ အလုပ်ရှာဖွေနိုင်ဖို့၊ အခြေခံလုပ်သားများအားလုံး လုပ်ခသင့်ပြီး လုပ်သာတဲ့ လစာရရှိဖို့ အလုပ်ရှင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တောင်သူများ ဝင်ငွေတိုးနိုင်မဲ့ မျိုးစေ့၊ နည်းပညာ၊ ချေးငွေ လုံလောက်စွာ ပံ့ပိုးပေးခြင်း၊ ဒစ်ဂျစ်တယ် စီးပွားရေးကို အားပေးခြင်းဖြင့် ပြည်သူများ အပိုဝင်ငွေ ရရှိစေခြင်း၊ ရွှေ့ပြောင်းလုပ်သားနှင့် ပြည်ပရောက်မြန်မာများက မိသားစုထံ ကောင်းမွန်လွယ်ကူတဲ့ ငွေလွှဲဝန်ဆောင်မှု နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဝင်ငွေနည်း အိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ ထိခိုက်နစ်နာလွယ်သူများထံ တိုက်ရိုက်ထောက်ပံ့ပေးနိုင်မယ့် အစီအစဉ်များကိုလည်း စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။ ဒါ့အပြင် နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး အလုပ်လုပ်ပေးနေကြတဲ့ ဝန်ထမ်းများ၊ အထူးသဖြင့် နယ်စွန်နယ်ဖျား ပဋိပက္ခတွေအကြားမှာ သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း ရှားပါးစရိတ် တိုးမြှင့်ထောက်ပံ့ဖို့၊ စွမ်းဆောင်ရည်၊ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံအလိုက် ထိုက်တန်တဲ့ခံစားခွင့်နဲ့ ရာထူးတိုးခွင့် စဉ်းစားပေးဖို့၊ နေခွင်ရေး အာမခံချက်ရှိစေမယ့် ဆုငွေ၊ အိမ်ရာ၊ ပင်စင်၊ အာမခံ၊ ပညာတော်သင်နဲ့ အပိုဆုကြေးစနစ်များ ထူထောင်ပေးဖို့ ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။ အခွန်ထမ်း ပြည်သူတိုင်း အိမ်ရာပိုင်ဆိုင်နိုင်ဖို့ နှစ်ရှည်ချေးငွေစနစ်နဲ့ အိမ်ဝယ်ပိုင်ခွင့်၊ လုပ်သားများအတွက် အငှားအိမ်ရာစနစ် ခံစားပိုင်ခွင့်၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် အိမ်ရာစီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံလိုရင် နှစ်ရှည်အိမ်ရာ ချေးငွေလျှော်ထားခွင့်များကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက် အိမ်ခြံမြေနဲ့ ဆောက်လုပ်ရေး ကဏ္ဍများအတွက် ဝယ်လိုအားကို မြှင့်တင်သွားမှာ ဖြစ်ပါတယ်ရှင်။

(ခ) သဘာဝဘေးနှင့် ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေးတို့ကို ပူးတွဲဆောင်ရွက်တဲ့နေရာမှာ ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှု အထောက်အပံ့များ ထိရောက်စွာ ပံ့ပိုးနိုင်ဖို့၊ ပရဟိတနဲ့ အရပ်ဘက်အဖွဲ့အစည်းများကတစ်ဆင့် ပြည်သူရဲ့ ယုံကြည်မှုကို တည်ဆောက်ရင်း ပြန်လည်ရင်ကြားစေ့ရေးကိုပါ တစ်ပါတည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဂ) ရေတို အထောက်အပံ့ပေးရုံသာမက ပဋိပက္ခနဲ့ သဘာဝဘေးဒဏ်သင့်ဒေသများရှိ အခြေခံပြည်သူများ၏ ဝင်ငွေ၊ အလုပ်အကိုင်နဲ့ လူနေမှု အဆင့်အတန်းများ မြင့်မားရေးအတွက်လည်း ဘေးသင့်ဒေသတွေမှာ ကျောင်း၊ ဆေးရုံနဲ့ လူမှုရေး အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းကို Cash-for-work နဲ့ Cash-for-skill program ပုံစံများဖြင့် ဘေးသင့်ပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးပြီး ပြန်လည်နေရာချထားရေးကိုပါ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဃ) ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍများမှာဆိုရင် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဘဏ္ဍာရေးဖြည့်ဆည်းမှု အုတ်မြစ်ချနိုင်ဖို့နဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျောင်းတွင်းအာဟာရနဲ့ အားကစား ပံ့ပိုးမှုများ၊ ကျွမ်းကျင်မှုနဲ့ လုပ်ငန်းခွင် အဆင်သင့်ဖြစ်စေမည့် သင်တန်းများ၊ ပညာရေး ထောက်ပံ့မှုနဲ့ ချေးငွေဝန်ဆောင်မှုများ၊ စံပြလူငယ်၊ လူရည်ချွန်နဲ့ ပရဟိတလူငယ်စွမ်းဆောင်ရှင် အစီအစဉ်များ၊ ၂၁-ရာစု ခေါင်းဆောင်မှုကို ရယူနိုင်မယ့် အဆင့်မြင့်ပညာရေး၊ စီးပွားရေး ရှေ့အလားအလာများနဲ့ ကိုက်ညီမယ့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနဲ့ သိပ္ပံ၊ နည်းပညာနဲ့ AI ဘာသာရပ်များဖြင့် စက်မှုအဆင့် ၅.၀ သို့ ချဉ်းကပ်ရေးတို့ကို ဇောက်ချ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူလူထုကြီးရှင့် ဒုတိယပိုင်းအနေနဲ့ ပြည်သူလူထု ငြိမ်းချမ်းလုံခြုံဖို့ အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေး အသီးအပွင့်များ အားလုံးညီမျှစွာ ခံစားနိုင်ရေးအတွက် တိုင်းရင်းသားများအကြား စိတ်ဝမ်းမကွဲဘဲ ယုံကြည်မှု တည်ဆောက်နိုင်ဖို့ ပြည်နယ်များနဲ့ နယ်စပ်များအကြား စီးပွားရေး ချိတ်ဆက်မှုများနဲ့ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ခ) ပဋိပက္ခများ လျှော့ချရေး၊ ဆွေးနွေးညှိနှိုင်းရေးနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ပဋိပက္ခဇာစ်မြစ်များကို စီမံခန့်ခွဲခြင်း၊ သက်ဆိုင်သူအားလုံးနဲ့ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်း၊ ငြိမ်းချမ်းရေး အထောက်အကူပြု စီးပွားချိတ်ဆက်မှု စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မယ့် တပ်မတော်အား ခေတ်မီဆန်းသစ် အင်အားပြည့်ဝစေရေးနဲ့ ကောင်းမွန်သော အရပ်ဘက်-တပ်ဘက် ဆက်ဆံရေးများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဂ) သင်ပုန်းချေရေး၊ လက်စားမချေရေး၊ တရားမျှတရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက်ဆိုရင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာခံရမှုများအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်ပြီး နိုင်ငံတကာ တရားရုံးတွေမှာ တစ်ဖက်သတ် စွပ်စွဲချက်များနဲ့ တရားစွဲဆိုထားတဲ့ အမှုများကို တာဝန်ယူ ဖြေရှင်းသွားမှာ ဖြစ်ပါတယ်ရှင်။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပတ်သက်လို့ စာပေ၊ ယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးတို့အတွက် မိခင်တိုင်းရင်းသား ဘာသာစကား သင်ကြားပိုင်ခွင့် အပါအဝင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနဲ့လိုက်လျောညီထွေဖြစ်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိတိကျကျ ဖော်ထုတ်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။

(င) ဒီမိုကရေစီရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်တွေ့အကျိုးပြုမယ့် ဒီမိုကရေစီ၊ ဝန်ဆောင်မှုကောင်းတဲ့ ပြည်သူ့ အုပ်ချုပ်ရေး၊ စိတ်ချလုံခြုံစေမယ့် တရားဥပဒေစိုးမိုးရေး၊ ကျင့်ဝတ်လိုက်နာတဲ့ မီဒီယာ၊ လက်တွေ့ အမြန်အကောင်အထည်ဖော်နိုင်မယ့် ပုဒ်မ ၂၆၁ နဲ့ ဇယား ၁၊ ၂၊ ၅ အပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းကို နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

ပြည်သူလူထုကြီးရှင့် တတိယပိုင်းအနေနဲ့ ပြည်သူတွေရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်သလောက် ကြီးပွားတိုးတက်နိုင်မယ့်၊ အခြေခံဥပဒေမှာလည်း အတိအလင်း ပြဋ္ဌာန်းထားတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ထူမပေးပြီး အရှိန်အဟုန်နဲ့ မြှင့်တင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံသားတိုင်းရဲ့ ဝင်ငွေနဲ့ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းကို ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေဖို့ အစိုးရနဲ့ ပုဂ္ဂလိက အခန်းကဏ္ဍများရဲ့ သီးခြားတာဝန်များနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် တာဝန်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွား မြှင့်တင်ပေးပြီး အားလုံးအကျိုးရှိမယ့် ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) ကုန်ဈေးနှုန်းမြင့်တက်နေခြင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချမယ့် မက်ကရိုစီးပွားရေးတည်ငြိမ်ရေးအတွက် ကျပ်ငွေတန်ဖိုး ခိုင်မာစေခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဈေးကွက်ကို အခြေခံတဲ့ Managed Float အဖြစ် ယခင်အတိုင်း ပြန်လည်ကျင့်သုံးခြင်း၊ ကုန်သွယ်မှု လိုင်စင်များ ဖြေလျှော့ခြင်း၊ ပြည်ပလွှဲပို့ငွေများအတွက် တရားဝင်နည်းလမ်းများ ဖန်တီးပေးခြင်းတို့ကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

(ခ) ပဋိပက္ခနဲ့ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များအတွက် အစိုးရ- ပုဂ္ဂလိက-နိုင်ငံတကာ ပူးပေါင်းပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေ မတည်ခြင်း၊ ဘေးလွန်ကာလ စီမံကိန်းများ ကြိုတင်ရေးဆွဲခြင်း၊ သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိတဲ့ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို တွန်းအားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဂ) နိုင်ငံတော် စီးပွားရေး ပြန်လည်ဦးမော့ရေးအတွက် ရသုံးဘတ်ဂျက်နဲ့ ငွေကြေးမူဝါဒများ ခိုင်မာမှုရှိစေဖို့ လွှတ်တော်ကနေ ပံ့ပိုးဆောင်ရွက်ပေးမယ့် အပြင် ပုဂ္ဂလိကကဏ္ဍအတွက် ကြိုးနီများ ရုပ်သိမ်း၍ လုပ်သာကိုင်သာရှိစေခြင်း၊ စီးပွားရေး ဦးမော့၍ လျင်မြန်စွာ အကျိုးရလဒ် ဖြစ်ထွန်းနိုင်တဲ့ Quick Wins စီမံချက်များကို ဖော်ထုတ်အကောင်အထည်ဖော်ခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာ အထောက်အပံ့နဲ့ ချေးငွေများ ပြန်လည်စီးဝင်လာစေရေး တွန်းအားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍများ တန်ဖိုးမြှင့် ဈေးကွက်ဝင်ဆံ့နိုင်ရေးအတွက် လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်ရှိမယ့် စိုက်ပျိုးမြေများ၊ အထွက်နှုန်းတိုး၍ တန်ဖိုးမြှင့် စားသုံးကုန်များ၊ မွေးမြူရေး ထုတ်ကုန်သစ်များ၊ မြေအရင်းအနှီး သက်သာစေမယ့် စီးပွားရေးဇုန်များ၊ တန်ဖိုးကွင်းဆက်တစ်လျှောက် ထောက်ပံ့ပေးမည့် ငွေရေးကြေးရေး အစီအစဉ် (Supply Chain Financing) များကို ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(င) အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ မတည်ငွေရင်း၊ နည်းပညာ၊ သုတေသနနဲ့ ဖွံ့ဖြိုးရေး၊ ဈေးကွက်ချိတ်ဆက်ရေးအတွက် MSME ဖွံ့ဖြိုးရေး စုပေါင်းရုံး (One-stop Service) အစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးခြင်းနဲ့ ဘဏ်နဲ့ လုပ်ငန်းများ လည်ပတ်ရေးအတွက် ချေးငွေအာမခံစနစ် (credit guarantee scheme) ထူထောင်သွားမှာ ဖြစ်ပါတယ်။

(စ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရအရာရှိကြီးများ၊ စီးပွားရေး ပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများ၊ စွန့်ဦးတီထွင်အောင်မြင်သူများ ပေါင်းစပ်ညှိနှိုင်းမယ့် တွေ့ဆုံဆွေးနွေးပွဲ (public private dialogue) များ ပုံမှန်ကျင်းပနိုင်ရန် စီစဉ်သွားမှာ ဖြစ်ပါတယ်။

(ဆ) လွတ်လပ်တက်ကြွသော နိုင်ငံခြားရေး၊ ဒေသတွင်းချိတ်ဆက်ရေးနဲ့ ခိုင်မာသော ပထဝီစီးပွားရေး မဟာဗျူဟာ ကျင့်သုံးခြင်းဖြင့် ဒေသတွင်းနဲ့ နိုင်ငံတကာ ဈေးကွက်များသို့ ဝင်ဆံ့လာပြီး နိုင်ငံတကာတွင် မြန်မာ့ပုံရိပ်မြင့်တက်လာစေရေးကိုပါ တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသတွင်းနိုင်ငံများနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးက စီးပွားရေးစင်္ကြံများ တစ်လျှောက် ဟန်ချက်ညီညီ ချိတ်ဆက်နိုင်မယ့် အာရှအမြန် လမ်းမကြီး၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံနဲ့ ကုလားတန်မြစ်ဝှမ်း စီမံကိန်းများကို အမြန်ဆုံး ညှိနှိုင်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

(ဇ) လျှပ်စစ်၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နဲ့ စံချိန်စံညွှန်း အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အစိမ်းရောင်နဲ့ ပြည့်ဖြိုးမြဲစွမ်းအင်၊ ကုန်စည်နဲ့ ခရီးသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆင့်မြင့် နည်းစနစ်များ၊ သက်သာ လုံခြုံစွာ ချိတ်ဆက်နိုင်မယ့် အင်တာနက်၊ အွန်လိုင်း ပြည်သူ့ဝန်ဆောင်မှုနဲ့ အွန်လိုင်းရောင်းဝယ်ဖောက်ကားမှုများ၊ မြန်မာ့စံချိန်စံညွှန်းစနစ်များ၊ နိုင်ငံတကာစံများနှင့်အညီ ထွန်းကားစေရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဈ) သဘာဝအရင်းအမြစ်များ ပွင့်လင်းမြင်သာစွာ တန်ဖိုးမြှင့် ထုတ်လုပ်အသုံးချရေး၊ စိမ်းလန်းအခြေပြုနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စီးပွားရေးဝန်းကျင်ကောင်းများ ထူထောင်ရေးတို့အတွက် သဘာဝတွင်းထွက်များ စနစ်တကျ တူးဖော်ထုတ်လုပ်၍ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ စိမ်းလန်းအခြေပြုနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို အထူးအလေးပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ရဲ့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ ပါတီရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝအဓိက၊ ငြိမ်းချမ်းလုံခြုံစွာ ကြီးပွားကြ" ဆိုတဲ့အတိုင်း အထက်ဖော်ပြပါ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ရက် (၁၀၀) စီမံချက်၊ (၁) နှစ်နဲ့ (၅) နှစ် စီမံချက်များအဖြစ် စနစ်တကျ အကောင်အထည်ဖော်ခြင်းအားဖြင့် အမိမြန်မာနိုင်ငံတော်ကြီးကို ငြိမ်းချမ်းလုံခြုံစွာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြည်သူလူထု တစ်ရပ်လုံးသို့ အစီရင်ခံ တင်ပြလိုက်ရပါတယ်ရှင့်။

## လက်ပံတန်းမြို့နယ်၌ ပညာရေးဌာနနှင့် Book Club အဖွဲ့တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပ

**လက်ပံတန်း နိုဝင်ဘာ ၆**

လက်ပံတန်းမြို့နယ်၌ စာရေးဆရာ မောင်စည်သူ(အဖျောက်) ရေးသားသည့် တာဝန်သိစိတ် တာဝန်ယူစိတ် ကလေးဝတ္ထုတိုများစာအုပ်ဖြင့်



ယမန်နေ့က လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထွန်းက စာဖတ်ဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆရာမြင့်သိန်း (ရွှေတောင် ချည်/ထည်/ချော)က အသုံးနှင့်အဖြုန်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာဦးစောမြင့်က ကိုယ်ချင်းစာစိတ်၊ မြို့နယ်ဦးစီးမှူးက အကျယ်ဆုံးလက်ခုပ်သံ၊ အထက(ကျေးနီ)မှ ဆရာမ ဒေါ်ခင်ဝါဝါလွင်က စာပေအသိ၊ မူလွန်ဘီးလင်းတန်းမှ ဆရာမ ဒေါ်နွယ်နီလှိုင်က စည်းကမ်းအစနှင့် ဒုတိယဦးစီးမှူး ဒေါ်ကြည်မြတ်နွယ်က ငါးရာတန်လေးတစ်ရွက် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ရာ စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လားရှိုးမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**လားရှိုး နိုဝင်ဘာ ၆**

လားရှိုးမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို နိုဝင်ဘာ ၅ ရက်က သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသန္တာထွန်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီစိုးနှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၂၀ အတွက် သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထုတ်ကုန်ချောပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ ဖြင့် စာတွေ့လက်တွေ့



သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းတွင် ထူးချွန်စွာ အောင်မြင်သည့် သင်တန်းသား သင်တန်းသူ သုံးဦးအား လုပ်ငန်း စတင်လည်ပတ်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ပေါင်းတည်အကျဉ်းထောင်၌ ဓာတ်မှန်ရိုက်၍ တီဘီရောဂါရှာဖွေခြင်းနှင့် ကျန်းမာရေးအသိပညာပေး

**ပေါင်းတည် နိုဝင်ဘာ ၆**

ပေါင်းတည်အကျဉ်းထောင်၌ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်ခရိုင်တီဘီရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ပေါင်းတည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အကျဉ်းသား



၁၂၄ ဦး၊ အကျဉ်းသူ ၂၀ စုစုပေါင်း ၁၄၄ ဦးတို့အား ကျန်းမာရေးအသိပညာပေးခြင်း၊ ဓာတ်မှန်ရိုက်၍ တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တီဘီရောဂါဖြစ်ပွားသူ သုံးဦးနှင့် သလိပ်စစ်ဆေးရန်လိုအပ်သည့် တီဘီသံသယလူနာ ၁၅ ဦး စစ်ဆေးရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တီဘီရောဂါဖြစ်ပွားသူ သုံးဦးအား တီဘီရောဂါ ကုသဆေးများဖြင့် စတင်ကုသပေးလျက်ရှိပြီး သလိပ်စစ်ဆေးရန်လိုအပ်သည့် တီဘီရောဂါဖြစ်ပွားသူ သုံးဦးနှင့် တီဘီသံသယလူနာ ၁၅ ဦး၏ သလိပ်နမူနာများကို နိုဝင်ဘာ ၆ ရက်တွင် ပြည်မြို့သို့ပို့ဆောင်၍ GeneXpert စက်ဖြင့် တီဘီရောဂါပိုး ရှိ/မရှိ စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေသား(IPRD)

## ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ကွန်ဟိန်း နိုဝင်ဘာ ၆**

ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များက လာရောက်ထိုးနှံခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဒေါပုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဟောပြော



**ဒေါပုံ နိုဝင်ဘာ ၆**

ဒေါပုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ယာဉ်ထိန်းတပ်ဖွဲ့စု(၃၁) ဒေါပုံမှ ဒုရဲမှူးအောင်မြင့်ထွန်းက ကျောင်းသား ကျောင်းသူများအား နေ့စဉ်သွားလာလှုပ်ရှားမှုများတွင် လမ်းစည်းကမ်းများကို သေချာစွာလိုက်နာသင့်ကြောင်း၊ လမ်းကူးသည့်အခါတွင် လူကူးမျဉ်းကျားမှ ကူးရမည်ဖြစ်ပြီး ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်းနှင့် စက်ဘီးစီးနင်းသည့်အခါတွင် လမ်းပြောင်းပြန်နင်းခြင်း မပြုရန်လိုကြောင်း စသည်ဖြင့် ဟောပြောသည်။

ထို့နောက် ယာဉ်ထိန်းတပ်ဖွဲ့စု (၃၁)မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့သည်။

ချစ်စုဝေ(ပြန်/ဆက်)



## နတ်မောက်မြို့၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**နတ်မောက် နိုဝင်ဘာ ၆**

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတကြွယ်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ပေါ်စေရန် ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲ၏စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ပန်းချီပြိုင်ပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)တို့က ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃ ဦးက အမျိုးသားအောင်ပွဲ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## မိုင်းရှူးမြို့နယ်၌ လူငယ်နှင့်အောင်မြင်မှု ပန်းတိုင်ဆီသို့ စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**မိုင်းရှူး နိုဝင်ဘာ ၆**

မိုင်းရှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက လူခါး၊ ကိုစိုးထိုက်(ဖဒို)နှင့် အခြားစာရေးဆရာများ ရေးသားထားသည့် အောင်မြင်မှုပန်းတိုင်ဆီသို့ စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Youth Club အဖွဲ့ဝင်များဖြစ်သည့် မအိမ့်ခြူးလွင်က လူခါး၏ကြယ်ဖမ်းသမား၊ နန်းမိုးအောင်က ပီတိ(ပေကြီး)၏အောင်မြင်သောလူငယ်၊ မအေးခမ်းက ဟေမာလွင်၏ စာအုပ်ထဲက သင်ခန်းစာ စသည့် ခေါင်းစဉ်များ ဆွေးနွေးခဲ့သည်။

သန်းလူ(ပြန်/ဆက်)

## သဃ်္န်းကျွန်းခရိုင်၌ လူငယ်များနှင့် အွန်လိုင်းဂိမ်းအန္တရာယ် အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၆**

သဃ်္န်းကျွန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်များနှင့် အွန်လိုင်းဂိမ်းအန္တရာယ် အသိပညာပေး Talk Show ကျင်းပသည်။

ဦးစွာ စာရေးဆရာမပေါက်ပေါက်က လူငယ်များအွန်လိုင်းဂိမ်းကို အလွန်အကျွံအသုံးပြုပါက ကျန်းမာရေးဆိုးကျိုး၊ ပညာရေးဆိုးကျိုးနှင့် လူမှုရေးဆိုးကျိုးများအပြင် ဗလငါးတန်များပါ ဆုံးရှုံးသွားနိုင်ကြောင်း၊ ဂိမ်းကစားခြင်းကြောင့် ကျောင်းသားလူငယ်များ ကျောင်းစာကိစ္စများ လုပ်ဆောင်ရာတွင် အာရုံစူးစိုက်၍မရဘဲ အခက်အခဲဖြစ်ပေါ်နိုင်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်သည့်ဂိမ်းများ ဆော့ကစားခြင်းဖြင့် လူငယ်များ စိတ်ပိုင်းဆိုင်ရာနှင့် နှုတ်မှုရေးရာများပါ ရိုင်းစိုင်းကြမ်းတမ်းလာကြကြောင်း ဆွေးနွေးခဲ့သည်။

ဇော်မိုး(သဃ်္န်းကျွန်း)

## ကျွန်းစုမြို့၌ ဘုရားဖူးပြည်သူများနှင့် စတုဒိသာအကျွေးအမွေးများဖြင့် စည်ကား



ကျွန်းစု နိုဝင်ဘာ ၆

ကျွန်းစုမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များအတွင်း တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့တွင် ဘုရားဖူးပြည်သူများနှင့် စတုဒိသာအကျွေးအမွေးများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ မြို့ဦးသံသရာအေးစေတီသို့ ကျွန်းစုမြို့ပေါ်နှင့် ကျေးရွာများမှ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ လာရောက်ကပ်လှူ၍ ကုသိုလ်ကောင်းမှုများအား အေးချမ်းစွာ ပြုလုပ်ကြပြီး ကြည်ညိုသဒ္ဓါပွားများ၍ ဘုရားဖူးပြည်သူများအား စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျွန်းစု(ပြန်/ဆက်)

## နတ်တလင်းမြို့၌ (၅၅)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ



နတ်တလင်း နိုဝင်ဘာ ၆

နတ်တလင်းမြို့နယ်တွင် (၅၅)ကြိမ်မြောက် မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၅ ရက်က ဇီးကုန်းကလေးရပ်ကွက် သကျမဟာမြတ်မုနိဘုရားကြီး၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နတ်တလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများရှိ အလှူရှင်များက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော် ၁၂၁ ပါးအား ဆွမ်းဆန်စိမ်း၊ ဆပ်ပြာ၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ခေါက်ဆွဲခြောက်ထုပ်၊ အချိုရည်နှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။

ဝေယံဖြိုး(ပြန်/ဆက်)



## မိုးညိုမြို့နယ်၌ တန်ဆောင်တိုင်မီးထွန်းပွဲ၊ နိဗ္ဗာန်ဈေးအလှူနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်

မိုးညို နိုဝင်ဘာ ၆

မိုးညိုမြို့ ဇေတိကရပ်ကွက်တွင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ နိဗ္ဗာန်ဈေးအလှူနှင့် ပျော်ပွဲရွှင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တန်ဆောင်တိုင်ပွဲတော်၌ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အာလူးကောက်၊ ကြိုးတန်းလျှောက်၊ ပူဖောင်းဖောက်၊ တာယာကွင်းအတွင်းဘောလုံးပစ်ခြင်း စသည့် ပြိုင်ပွဲများအား ပျော်ရွှင်စွာ ကစားခဲ့ကြသည်။ ထို့နောက် ညနေပိုင်းတွင် နိဗ္ဗာန်ဈေးအလှူပွဲ ပြုလုပ်ခဲ့ရာ အလှူရှင်များက အာဟာရဒါနတို့ကို ကျွေးမွေးလှူဒါန်းပြီး လာရောက်သူများအား အဝတ်အထည်များ ကံစမ်းမဲဖောက်ပေးခဲ့သည်။

ဆက်လက်၍ညပိုင်းတွင် ရပ်ကွက်အတွင်းရှိအလောင်းဘုရားလမ်းမကြီး၊ ပန်းစံပယ်လမ်း၊ ခိုင်သဇင်လမ်းတို့တွင် ဆီမီးအလှုထွန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

## ကော့မှူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများ ကျင်းပ

ကော့မှူး နိုဝင်ဘာ ၆–ကော့မှူးမြို့နယ်တွင်စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာအုပ်စာစောင်များ လေ့လာဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာပေ၏အကျိုးကျေးဇူးများကို ဟောပြောသည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ဂိမ်းကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက လက်ဆောင်များ ပေးအပ်ခဲ့သည်။

ကျော်သူရ(ကော့မှူး)

## မော်လမြိုင်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်မှ ရင်တွင်းစကားသံများ

မော်လမြိုင် နိုဝင်ဘာ ၆

**မွန်ပြည်နယ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ မဟာမြတ်မုနိဘုရားကြီး၏ ပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

အဆိုပါ ဈေးရောင်းပွဲတော်တွင် အရောင်းပြခန်း ၃၅ ခန်း၊ လုံခြုံရေးတစ်ခန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု နှစ်ခန်း စုစုပေါင်း ၃၈ ခန်း ပါဝင်ပြီး MSME လုပ်ငန်းအချင်းချင်း၏ ထုတ်ကုန် အရည်အသွေးနှင့် တီထွင်ဆန်းသစ်မှုများကို သိရှိလေ့လာနိုင်စေရန် ထုတ်ကုန်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန်၊ ဈေးကွက်အသစ်များ ချဲ့ထွင်ရန်အတွက် အထောက်အကူပြုစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ပြသခြင်းဖြစ်သည်။



ဦးဉာဏ်လင်းထွေး (အတွင်းရေးမှူး)
မွန်ပြည်နယ်အစိုးရအဖွဲ့



ဦးသိန်းထိုက်
(ဒုတိယညွှန်ကြားရေးမှူး)



ဒေါ်တင်နွဲ့ရီ
(တိုင်းရင်းသားရိုးရာရက်ကန်းပိုင်ရှင်)

**ဦးဉာဏ်လင်းထွေး (အတွင်းရေးမှူး) မွန်ပြည်နယ်အစိုးရအဖွဲ့**

နိုင်ငံတော်အစိုးရအနေနဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးနဲ့ လုပ်ငန်းတွေ ပိုမိုချဲ့ထွင်နိုင်ရေး MSME လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်ရောင်းလိုအား မြှင့်တင်နိုင်ရေးနဲ့ အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ရေးတို့အတွက် MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ထုတ်ချေးပေးမယ့် MSME ချေးငွေတွေ၊ နိုင်ငံ့စီးပွားရန်ပုံငွေတို့မှ ရင်းနှီးမတည်ငွေတွေ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မွန်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ MSME အခြေခံဖြစ်တဲ့ ထုတ်လုပ်မှုလုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်း၊ သွင်းအားစုနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်နဲ့ အမျိုးသမီးတွေ၊ စွန့်ဦးတီထွင်သူတွေကို လိုအပ်တဲ့ နည်းပညာပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတွေအပြင် ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်ကြမ်းနဲ့ သွင်းအားစုရရှိအောင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်း ချိတ်ဆက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဦးသိန်းထိုက်(ဒုတိယညွှန်ကြားရေးမှူး) မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**

တန်ဆောင်တိုင် မီးထွန်းပွဲတော်နဲ့အတူ မွန်ပြည်နယ်ဒေသထွက် MSME ထုတ်ကုန်တွေကို တန်ဆောင်တိုင်မီးထွန်းပွဲတော် လာရောက်ကြတဲ့ ဧည့်သည်တွေရော ဒေသခံပြည်သူတွေပါ လာရောက်ကြည့်ရှုဝယ်ယူ အားပေးခဲ့ကြတာကို စည်ကားစွာ တွေ့ရပါတယ်။

**ဒေါ်တင်နွဲ့ရီ (တိုင်းရင်းသားရိုးရာ ရက်ကန်းပိုင်ရှင်)**

ကျွန်မက ရက်ကန်းပိုင်ရှင်တစ်ဦးဖြစ်ပြီး ပြပွဲမှာ ကျွန်မရဲ့ လက်မှုပညာတွေဖြစ်တဲ့ အမျိုးပေါင်းအစုံ ၃၀ ကျော်ကို ပြသရောင်းချခဲ့ပါတယ်။ အရင်နှစ်တွေကလည်း လာရောက်ပြသပါတယ်။ ကျွန်မရဲ့ ရက်ကန်းလုပ်ငန်းကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။ အခုလိုပြပွဲမှာ တစ်စုတစ်စည်းနဲ့ လာရောက်ပြသခွင့်ရတဲ့အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ စီစဉ်ပေးသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်မာအေး(ညွှန်ကြားရေးမှူး) မွန်ပြည်နယ်သမဝါယမဦးစီးဌာန**

ဒီနှစ်MSMEပြပွဲရဲ့ထူးခြားချက်ကတော့ ထုတ်ကုန်ပစ္စည်းတွေကို ရေးအသင်းစုမှ ဒူးရင်းယိုနဲ့ ယိုမျိုးစုံ၊ သထုံမှ စဉ့်ထည်နဲ့ သစ်သီးယိုတွေ ထပ်တိုးပြသရောင်းချခဲ့ပါတယ်။ ဖိနပ်ကုန်ထုတ်အသင်းနှင့် အသေးစားလုပ်ငန်းရှင်တွေအသင်းက ကျောက်သင်ပုန်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနဲ့ စတီးလုပ်ငန်းတွေကို ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ပံ့ပိုးပေးထားလို့ ပိုမိုထုတ်လုပ်နိုင်ခဲ့ကြပါတယ်။ သမဝါယမကဏ္ဍအနေနဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အသင်းတွေရဲ့ ထုတ်ကုန်ပစ္စည်းတွေ ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိစေရေး ဦးစီးဌာနက ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။ အခုလို MSME ပွဲတွေ ကျင်းပပေးတဲ့အတွက် ဈေးကွက်တွေ ပိုမိုချဲ့ထွင်ရရှိလာမှာပါ။



ဒေါ်ခင်မာအေး(ညွှန်ကြားရေးမှူး)
မွန်ပြည်နယ်သမဝါယမဦးစီးဌာန



မမေချို
(ကျွဲခြံကုန်းရပ်ကွက်၊ မော်လမြိုင်မြို့)

**မမေချို(ကျွဲခြံကုန်းရပ်ကွက်– မော်လမြိုင်မြို့)**

မွန်ပြည်နယ်ရဲ့ ဒေသထွက်ကုန်မျိုးစုံကို တစ်နေရာထဲမှာ တွေ့မြင်ဝယ်ယူခွင့်ရလို့ မွန်ပြည်သူတစ်ဦးအနေနဲ့ ဂုဏ်ယူမိပါတယ်။ အပျော်ဆုံးကတော့ အရင်က တောင်ကြီးမှာလုပ်တဲ့ မီးပုံးပျံပွဲကို တီဗွီမှာပဲ မြင်ရတာ၊ အခုတော့ မော်လမြိုင်မှာ မီးပုံးပျံတွေကို ကိုယ်တိုင်ပါဝင် လွှတ်တင်ခွင့်ရလို့ ဝမ်းသာကျေနပ်မိပါတယ်။ ဒီလိုပွဲမျိုးတွေ မကြာခဏ ပြုလုပ်ပေးဖို့ မျှော်လင့်မိပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ- မြင့်မြတ်သီတာ၊ စည်သူ(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အားလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် UNOCHA တို့အကြား ကာလကြာရှည်စွာ လုပ်ငန်း ပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ မန္တလေးငလျင်ကြောင့် ထိခိုက်မှုများအတွက် နိုင်ငံတော်မှ ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လူသားချင်း စာနာမှု အကူအညီပေးရေး နှင့်စပ်လျဉ်း၍ ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေး ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေး၌ အမိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၆**

ဘိုကလေးမြို့နယ်၏ အမိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကို ယမန်နေ့က စက်ဆန်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်နှင့် ဝန်ထမ်းများ၊ ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်စိုက်ပျိုးမည့် စက်ဆန်း၊ ထော်ပိုင်နှင့် ဒေါင့်ကြီးကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ကြပြီး အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌက တောင်သူများအနေဖြင့် အမိကသီးနှံများ စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက နေကြာနှင့် ပဲပုပ်သီးနှံများ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိရေး စိုက်ပျိုးမှုဆိုင်ရာနည်းပညာများ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဦးစီးဌာနများမှ ကျေးရွာတာဝန်ခံများအား စိုက်ပျိုးကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် စီမံကိန်းတာဝန်များ ပေးအပ်ခြင်းနှင့် တောင်သူများသို့ နေကြာနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၆**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အခွန်အထောက်အကူပြုအဖွဲ့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နန္ဒာဝင်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၁၁၃ ဦး တက်ရောက်ကြောင်း သိရသည်။ **နေမျိုးအောင်(ဒဂုံတောင်)**



❖ *ကျောဖုံးမှ*

ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဒါနန်းမြို့၏ တောင်ဘက် (ကွီညန်းမြို့အနီး) မှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ထိုမှတစ်ဆင့်အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်၂၄နာရီအတွင်း ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံ နယ်စပ်ဒေသတို့ကို အားကောင်းသော အပူပိုင်းမုန်တိုင်း "ခန့်မေဂီ" အဖြစ်ဖြင့် ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်မှ ကိုးပေခန့်ရှိနိုင်ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၆-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၈-၁၁-၂၀၂၅ ရက်နေ့မှ ၉-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၆-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၁၁-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Win Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဝင်းဇော် အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပဲခူးမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မင်းဓမ္မကုန်းတော်
## လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး
## ဂေါပကအဖွဲ့
## အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးဝတ္တုကံမြေပေါ်ရှိဝန်ဆောင်မှုလုပ်ငန်းများကို (၁-၁-၂၀၂၆)ရက်နေ့မှ (၃၁-၁၂-၂၀၂၆)ရက်နေ့အထိ (၁၂)လတာ ကာလအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | နေရာ |
|---|---|---|
| ၁။ | နိဗ္ဗာန်ကုန်ဆိုင်(၁) | မြောက်ဘက်စောင်းတန်း |
| ၂။ | နိဗ္ဗာန်ကုန်ဆိုင်(၂) | မြောက်ဘက်စောင်းတန်း |
| ၃။ | နိဗ္ဗာန်ကုန်ဆိုင်(၁) | တောင်ဘက်စောင်းတန်း |
| ၄။ | မြောက်ဘက်ပန်းအရောင်းဆိုင်(၁) | မြောက်ဘက်စောင်းတန်း |
| ၅။ | မြောက်ဘက်ပန်းအရောင်းဆိုင်(၂) | မြောက်ဘက်စောင်းတန်း |
| ၆။ | တောင်ဘက်ပန်းအရောင်းဆိုင် | တောင်ဘက်စောင်းတန်း |
| ၇။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်(၁) | မြောက်ဘက်စောင်းတန်း |
| ၈။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်(၂) | မြောက်ဘက်စောင်းတန်း |
| ၉။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင် | တောင်ဘက်စောင်းတန်း |
| ၁၀။ | ငါး/လိပ်စာအရောင်းဆိုင် | မဂ်လာကန် |

တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း (၁-၁၂-၂၀၂၅) ရက်နေ့မှစ၍ အဆိုပြုလွှာ တစ်စောင်လျှင် ကျပ် ၂၀၀၀၀/- ဖြင့် လာရောက်ဝယ်ယူဖြည့်စွက် လျှောက်ထားနိုင်ပါသည်။

တင်ဒါအဆိုပြုလွှာများကို (၁၁-၁၂-၂၀၂၅)ရက် (ကြာသပတေးနေ့) (၁၃:၀၀)နာရီတွင် ပိတ်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းသူအများအရှေ့တွင် ဖွင့်ဖောက်ကြေညာပါမည်။

**မှတ်ချက် -** ကြမ်းခင်းဈေးမမီသော လျှောက်လွှာများကို စဘော်ငွေပြန်ပေးမည်မဟုတ်ပါ။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့**


## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၂

ဒုအရာခံဗိုလ်သန်းမြင့် **နှင့်** ဒေါ်မေသူထွန်း
**(တရားလို)** **(တရားပြိုင်)**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တညောင်ရွာ၊ အလယ်ရပ်နေ ဒေါ်မေသူထွန်း(ဘ)ဦးသန်းဖေ (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒုအရာခံဗိုလ်သန်းမြင့်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမြတ်သဥ္ဇာ)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပုဗ္ဗသီရိမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၁

မောင်ရိုးမြတ်လူ **နှင့်** အရာခံဗိုလ်ရွှေမောင်
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်နေ အရာခံဗိုလ်ရွှေမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မောင်ရိုးမြတ်လူက "အိမ်မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းအောင်မြင့်ဦး)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၈

ဒေါ်ဗျာလေိရှဗက် **နှင့်** ဦးမောင်ကြီး
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးမောင်ကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဗျာလေိရှဗက်က "အိမ်မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းအောင်မြင့်ဦး)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/7039 ယာဉ်လက်ဝယ်ရှိသူ ဦးမာပူးခွာ ၁/မကန(နိုင်)၀၇၃၁၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အာရုရပ်၊ အကွက်အမှတ်(၂၃)တောင်ရပ်အနောက်၊ ဦးပိုင်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၂၁၆၊ ၂၁၇၊ ၂၁၈)၊ ပိုင်ဆိုင်ခွင့်(L)၊ မြေမျိုးနှင့်အတန်း (မြို့မြေ)၊ မြေဧရိယာ(၀ဒသမ ၅၁၈) ကေရှိ မြေကွက်အား ဒေါ်သန္တာဒွေးမှ မြေငှားဂရန် (အသစ်) လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံလှသော အထောက်အထားများနှင့်တကွ ချောက်ခရိုင် အထွေထွေခရိုင်အုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်းကောင်း၊ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေငှားဂရန် (အသစ်) အမှုတွဲအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်၊ ချောက်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/71877, Kamax 110 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းညွန့်ဝင်း ၁၄/ဇလန(နိုင်)၁၀၂၆၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လားရှိုးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂

ဒေါ်အေးကြူ **နှင့်** ၁။ ဒေါ်ခင်စမ်းစမ်းလွင်
၂။ ဦးအောင်နိုင်
၃။ ဒေါ်ထန်ရွှေဆိုင်း
၄။ ဦးအောင်ခိုင်
**(တရားလို)** **(တရားပြိုင်များ)**

(၁) တရားပြိုင် ဒေါ်ခင်စမ်းစမ်းလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အေးကြူ က မှတ်ပုံတင်အိမ်မြေအရောင်းအဝယ်စာချုပ်ပယ်ဖျက်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍၊ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀ ၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် ( ၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ဇော်အောင်)
ဒုတိယခရိုင်တရားသူကြီး
လားရှိုးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၀

ဦးမြင့်စိုး(ခ)ဦးကျော်မင်း **နှင့်** ဒေါ်သီသီနွယ်
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်သီသီနွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်စိုး(ခ)ဦးကျော်မင်းက အိမ်မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းအောင်မြင့်ဦး)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၉

ဦးမြင့်စိုး(ခ)ဦးကျော်မင်း **နှင့်** ဦးတင်ဦး
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၁)ရပ်ကွက်နေ ဦးတင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်စိုး(ခ)ဦးကျော်မင်းက အိမ်မြေအရောင်းအဝယ် စာချုပ်မှတ် ပုံတင်ချုပ်ဆိုပေးစေလိုမှု နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းအောင်မြင့်ဦး)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက်အမှတ်(၁၀၁)၊ စက်ကုန်းတောင်အကွက်၊ ဦးပိုင်အမှတ် (၂၃-ဆ)၊ ဧရိယာ(၂.၀၂၂)ကေရှိ ဦးကျော်နိုင်၊ ဦးထင်ရှမ်း၊ ဦးစိုးမင်းတို့၏အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မကျီးပင်ကျေးရွာနေ ဦးကျော်သူရ၊ ဒေါ်ခင်မျိုးအေးတို့မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃-ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၈၂/ ၈၄) (ဒုတိယထပ်) အကျယ်အဝန်း (၁၈ပေx၆၀ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက် နွယ်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁၅-၇-၂၀၀၀)နေ့စွဲပါ “မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်”ဖြင့် ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစံအေး (၁၂/ပဘတ(နိုင်)၀၂၃၀၈၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းလင်းအောင် (LL.B, D.B.L,D.M.L) (စဉ်- ၈၃၀၆/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၂၅၂၂၆၆၁၄၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ ဟိုင်ဆင်ဒူးဝါး (၁) လမ်း၊ မြေကွက်အမှတ် (၇၃၉)၊ ဦးမောင်မောင်သိမ်း(ဘ)ဦးထွန်းစိန် (ဘီကြူ/၀၂၂၁၀၇) အမည်ပေါက်၊ ပါမစ်မြေ အမျိုးအစား မြေကွက်၊ အကျယ်အဝန်း (၄၀x ၆၀) ပေ (ပါမစ်မူရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းမာ (၁၂/ဒဂတ(နိုင်)၀၆၅၁၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်တင်တင်နွယ်** | **ဒေါ်ယဉ်ယဉ်သူ (LL.B)** |
| **(၁၂/ဥကတ(နိုင်)၀၆၃၁၇၅)** | **အထက်တန်းရှေ့နေ** |
| | **(စဉ် - ၂၅၈၃၂/၂၀၀၇)** |
| | **ဖုန်း - ၀၉-၇၆၄၈၅၂၈၇၉၊** |
| | **၀၉-၇၇၇၀၀၄၉၈၁** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်-CL-3၊ အခန်းအမှတ် - 104၊ အခန်းအမျိုးအစား - City loft၊ အကျယ်အဝန်း-484 စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆွေဇင်ဝင်း ၁၂/ပဇတ(နိုင်) ၀၀၀၁၁၀ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်သည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝင်းနိုင်၊** | **ဒေါ်ချိုချိုအောင်** |
| **၅/ရဥန(နိုင်)၀၀၁၈၇၅** | **၉/မနမ(နိုင်)၀၈၁၉၆၅** |

**ဖုန်း-၀၉ - ၄၂၃၃၅၀၂၀၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ရေဆင်း ၊ နေပြည်တော်
## (၃၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပခြင်း ကြေညာချက်

၁။ ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူရေးပညာဘွဲ့၊ တိရစ္ဆာန်ဆေးပညာဘွဲ့၊ မွေးမြူရေးပညာမဟာဘွဲ့၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်း၊ နေပြည်တော်တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

၂။

| ပေးအပ်မည့်ဘွဲ့ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ပါရဂူဘွဲ့<br>တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့<br>မွေးမြူရေးပညာမဟာဘွဲ့<br>တိရစ္ဆာန်ဆေးပညာဘွဲ့<br>မွေးမြူရေးပညာဘွဲ့ | ၆-၁၂-၂၀၂၅ ရက်<br>(စနေနေ့)<br>မွန်းလွဲ(၂:၀၀)နာရီ | ၇-၁၂-၂၀၂၅ ရက်<br>(တနင်္ဂနွေနေ့)<br>နံနက်(၈:၀၀)နာရီ |

၃။ ဘွဲ့နှင်းသဘင်ကြေး (တက်ရောက်လျှောက်ထားသူများအားလုံး) - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
ဘွဲ့နှင်းသဘင်ကြေး (အဝေးရောက်လျှောက်ထားသူများအားလုံး) - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာပိတ်ရက် (လျှောက်ထားသူများအားလုံး) - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (သောကြာနေ့)

**မှတ်ချက်။** (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရန်။
(၂) ၁ ၃⁄၄ "x ၂" အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲ လျှောက်ထားရန်။
(၃) ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် အဆိုပါဘွဲ့လက်မှတ်မိတ္တူ ပူးတွဲလျှောက်ထားရန်။
(၄) ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည် မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြလာသည့် အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။
(၆) ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်။ **မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝ ခွင့်ပြုမည်မဟုတ်ပါ။**
(၇) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာများကို (၄-၁၂-၂၀၂၅)ရက်မှစတင်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင် ဌာနတွင် ထုတ်ပေးပါမည်။
(၈) ဘွဲ့လျှောက်လွှာများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ကြောင်းနှင့် လျှောက်လွှာကို ကိုယ်တိုင် (သို့မဟုတ်) သင်တန်းရေးရာဌာန၊ Email လိပ်စာ stdaffair.uvs@gmail.com သို့ လျှောက်ထားတင်သွင်းနိုင်ပါသည်။
(၉) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့ကို ရယူမည့်သူများသည် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ အပ်နှင်းမည့် တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ် ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် တစ်ပါတည်း လျှောက်ထားရပါမည်။
(၁၀) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် မွေးမြူရေးပညာဘွဲ့ကို ရယူမည့်သူများသည် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အပ်နှင်းမည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်အဖွဲ့ဝင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် တစ်ပါတည်း လျှောက်ထားရပါမည်။

**ဘွဲ့နှင်းသဘင်ကျင်းပရေးဗဟိုကော်မတီ၊**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လမ်း(၃၀)၊ အမှတ်(၂၃၃)ရှိ ထွန်းဟိုတ်လိုင်စင်အမည်ပေါက် (ဦးသိန်းထွန်း) လိုင်စင်အမည်မှ သားဖြစ်သူ ဦးနိုင်ဇော်မိုး ၇/ပခန(နိုင်) ၁၈၈၄၂၇အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဇော်မိုး**
**၇/ပခန(နိုင်)၁၈၈၄၂၇**
**ဖုန်း-၀၉-၅၃၀၂၆၂၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ-၁၃(တောင်)၊ ပုလဲလမ်း၊ အိမ်အမှတ်-၁၄၅နေ ဒေါ်မေသန်း (၁၃/တကန(နိုင်)၁၀၁၂၇၂)၏ သားဖြစ်သူ အိမ်အမှတ် ၄/၁၂၀(ဂ)၊ ဆန်ဆိုင်း(ခ)၊ အားကစားရုံလမ်း၊ တာချီလိတ်မြို့နေ ကိုသန့်ဇင် ၁၃/တကန(နိုင်)၁၀၁၄၈၃သည် မိဘအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြိမ်ကြိမ်ဒုက္ခပေးနေသော သွာနုတ္တသားဖြစ်၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**နိုင်အေးစံ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၃၁)**
**မ/၁၈၀၊ ပုလဲလမ်းသွယ်(၂)၊ စောစီကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၁၁၁

၁။ ဒေါ်ခင်ခင်ယု နှင့် ဦးမောင်ဟုတ်
၂။ ဦးအောင်မြင့်
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ (၁၀)လမ်း၊ အမှတ်-၃၃၁ နေ တရားပြိုင် ဦးမောင်ဟုတ် သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခင်ခင်ယုနှင့် ဦးအောင်မြင့်တို့က ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုတို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၇

ဦးနေလင်းအောင် နှင့် ဒေါ်အိအိထွန်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်(၇၅၇)နေ တရားပြိုင် ဒေါ်အိအိထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနေလင်းအောင်က "သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမက ဒရယ်ချောင်းမှ ဒု-မူလတန်းပြဆရာမ ဒေါ်ခင်မာအေး ၁၄/ကကထ(နိုင်)၁၃၆၄၅၃၏ ဖခင် ဦးစိန်အောင်မင်းနှင့် ဦးမြကြိုင်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်အောင်မင်း(ခ)ဦးမြကြိုင်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသက်သက်မွန် (၅/ကလတ(နိုင်)၀၉၅၃၃၇)၏ နိုင်ငံကူးလက်မှတ် အမှတ်(MG-849668)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၃၁၇၆၆၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၂-က)၊ တရုတ်စုကွက်၊ ဦးပိုင်အမှတ်(၆၅-ခ)၊ ဧရိယာ(၀ဒသမ၀၅၆)ဧကရှိ ဦးတင်အောင်ချို ၊ ဒေါ်တင်တင်အောင်တို့၏အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ငဝန်ကျွန်းသာ(၁၃)လမ်းနေ ဦးဝင်းကိုလတ်၊ ဒေါ်ဇာခြည်ရွှေတို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၂၄)၊ မာတအကွက်၊ ဦးပိုင်အမှတ်(၁၅-င)၊ ဧရိယာ(၀ဒသမ၀၃၂)ဧက၊ ဦးပိုင်အမှတ်(၁၇-ဈ)၊ ဧရိယာ(၀ဒသမ၀၂၀)ဧကရှိ ဦးကျော်စိုးလွင်အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ မာတကမ်းနားလမ်း၊ အမှတ်(၄၉၁) နေ ဒေါ်နီလာမှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender )ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် [ ၁(ပစ)/၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် ]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေ (GRF) ဖြင့် ဝယ်ယူခွင့်ပြုမည့် ချင်းတွင်းဧည့်ရိပ်သာ (RC) (၁)ထပ်တွင် လိုအပ်လျက်ရှိသော ရိပ်သာပရိဘောဂနှင့် အိပ်ခန်းသုံးပစ္စည်းတို့အား မြန်မာငွေကျပ်ဖြင့် ဝယ်ယူရန်အတွက် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)တွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။
(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်/အချိန်** - ၂၂-၁၁-၂၀၂၅ရက်၊ (ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်/အချိန်** - ၅- ၁၂ - ၂၀၂၅ ရက်၊ ညနေ (၁၆:၀၀)နာရီထိ
(ဂ) **တင်ဒါအာမခံကြေး (PO Cheque) တင်သွင်းရမည့် ရက်/အချိန်** - ၆-၁၂ -၂၀၂၅ ရက်၊ ညနေ (၁၆:၀၀)နာရီထိ
(ဃ) **အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့
(င) **အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်ရက်** - ထပ်မံကြေညာပါမည်။
၃။ အသေးစိတ်အချက်အလက်များကို ဟုမ္မလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး)၊ ဖုန်း- ၀၉-၂၆၃၂၉၈၈၉၉ သို့ ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တောင်းပန်ခြင်း

ကျွန်တော် ဒေါက်တာကျော်ဆွေသည် မိမိ၏လူမှုကွန်ရက်စာမျက်နှာ၌ **"ကိုယ်စားလှယ်လောင်းရုပ်သိမ်းမှုဖြစ်စဉ်အပေါ် ဥပဒေ၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ သုံးသပ်ချက်"** ခေါင်းစဉ်ဖြင့် ၂၈-၁၀-၂၀၂၅ ရက်တွင်လည်းကောင်း၊ **"ပြည်သူ့စစ်မှုထမ်းစုဆောင်းခြင်းနှင့် မဲဆွယ်စည်းရုံးရေးကာလ အကြပ်အတည်းများ"** ခေါင်းစဉ်ဖြင့် ၃၁-၁၀-၂၀၂၅ ရက်တွင်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာနားလည်သိရှိခြင်းမရှိဘဲ ရေးသားဖော်ပြမှုကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာမှုများအပေါ် ကျွန်တော် ဒေါက်တာကျော်ဆွေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တောင်းပန်အပ်ပါသည်။

**ဒေါက်တာကျော်ဆွေ**
**၈/တတက(နိုင်)၁၀၂၆၆၃**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တောင်တွင်းကြီးမြို့နယ်ကော်မတီဝင်**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ် (ဆ/၃၀B)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ (အလျား ၂၀ပေx အနံ၆၀ပေ)၊ (၁၂၀၀စတုရန်းပေ)ရှိ(၂၅)နှစ် ဂရန်သက်တမ်းကုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသောအမှတ်(ဆ/၃၀B)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် ပွဲရုံအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဒေါ်ကျင်ပို့(၁၂/လမတ(နိုင်)၀၂၄၈၂၄)ထံ မှ SAW KWAI CHU (၁၂/ရကန(ပြု)၀၀၁၅၂၂) နှင့် ဒေါ်ဝင်းမော်ဟန် (၁၂/လသနပြု)၀၀၁၅၃၇)တို့ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကံဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၅၀၇၁၂၀၆၊ ၀၉- ၉၇၄၇၃၅၆၈၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာရပ်ကွက်နေ မောင်အောင်မျိုးဟိန်း ၉/ခမစ(နိုင်)၀၈၆၀၆၄၏ ဖခင်ဖြစ်သူ ဦးထွန်းထွန်းဝင်း(ခ) ဦးထွန်းဝင်း ၉/ပကခ(နိုင်)၀၄၆၇၆၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း(ခ) ဦးထွန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၉)၊ အနောက်မြို့ပတ်လမ်းနေ မောင်ကောင်းမြတ်သာ ၁၃/တကန(နိုင်)၄၁၆၀၆၃၏ ဖခင်ဖြစ်သူ ဦးခွန်မင်းသူ(ခ)ဦးမင်းမင်း ၁၃/ညရန(နိုင်)၀၂၃၂၈၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးခွန်မင်းသူ(ခ)ဦးမင်းမင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၀)ရပ်ကွက်၊ မြေကွက်အမှတ်(၄၅၉)ဟု ခေါ်တွင်သောမြေအလျားxအနံ(၄၀'x၆') ပေထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၄၅၈)နှင့်ကပ်လျက်အခြမ်း) မြေအလျားxအနံ (၂၀'x၆၀')ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးစောတာပွဲ (၁၂/အစန(နိုင်)၁၄၂၉၉၈) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သန္တာလွင် (၁၁/မပတ(နိုင်)၀၈၂၈၄၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပုမချေ (၁၁/မပတ(နိုင်)၀၇၉၃၀၀) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

# ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ သီဟိုဠ်သရက်စိုက်ပျိုးရေးဇုန်နှင့် စပ်လျဉ်း၍ ကြော်ငြာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အား စိုက်ပျိုးလုပ်ကိုင်လိုသူ တောင်သူများသို့ သီဟိုဠ်သရက်စိုက်ပျိုးရန် (၂၈.၈.၁၉၉၂)ခုနှစ်မှစ၍ လုပ်ကွက်များ ချထားပေးခဲ့ပါသည်။ အဆိုပါချထားပေးခဲ့သည့် လုပ်ကွက်များအနက်(၃၁.၁၀.၂၀၂၅)ရက်နေ့အထိ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့် လုပ်ကွက်များကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း(၂၂.၈.၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အချိန်ထိ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့် လုပ်ကွက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ၎င်းမြေပေါ်ရှိ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် အရပ်ရပ်တို့အားလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/89734, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကျော် ၉/မရမ(နိုင်)၀၂၂၁၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/22759, TVS (DAZZ)-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာအောင် ၅/ကဘလ(နိုင်) ၁၅၅၉၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၀၆၈၊ လေးရွာ)၊ မြေကွက်အမှတ် (၁၁/၁၃၅၅)၊ မြေဧရိယာ(၀ဒသမ၁၅၅)ဧကအား လူနေထိုင် အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်)ခွင့်ပြုထုတ်ပေးပါရန် ဦးအောင်အောင် ၉/ကပတ(နိုင်) ၁၈၉၄၉၆၊ ဒေါ်သင်းသင်းနွယ် ၉/ကပတ(နိုင်) ၂၁၃၉၄၆တို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ ၆၆/၆)(မိတ္တူ)၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၀၊ ရာဒါပူအရှေ့)၊ ဦးပိုင်အမှတ်(N၃၈/၄)၊ မြေဧရိယာ (၀.၀၉၆)ဧကကို မူလကဦးမှတ်ကြီး အမည်ဖြင့် (၂၈-၅-၂၀၁၇)ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၈-၁၀-၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၆၆/၂၀၂၅)အရ ဦးမှတ်ကြီး၏ အထွေထွေကိုယ်စားလှယ်ဒေါ်မြင့်မာလာဦးထံမှ ဒေါ်ဂျာရာ အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ဂျာရာ ၁/ကမန(နိုင်)၀၁၈၉၂၆ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြင့် (၁၂/ပဘတ(နိုင်) ၀၁၀၀၂၉) နှင့် ဒေါ်နီလာဝင်း (၉/တကန(နိုင်)၀၀၀၃၆၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့် (၁၂/ပဘတ(နိုင်)၀၁၀၀၂၉)နှင့် ဒေါ်နီလာဝင်း (၉/ တကန(နိုင်)၀၀၀၃၆၉) ၏ သမီးဖြစ်သူ မမေဦးခိုင် (၁၂/ပဘတ(နိုင်)၀၃၄၂၉၃) သည် မိဘတို့၏ပြောဆိုဆုံးမမှုများကို မနာခံဘဲ မိဘနှစ်ပါးအား ကိုယ်စိတ်နှစ်လုံးဆင်းရဲ အောင်အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အပြင် (၅-၁၀-၂၀၂၅)ရက်တွင် မိမိ၏သဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့၌ကြေညာစာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။နောက်နောင် မမေဦးခိုင် ၁၂/ပဘတ(နိုင်)၀၃၄၂၉၃ နှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာခင်(LL.B,D.I.L,D.M.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## သက်ဆိုင်သူများနှင့်တကွ အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၂၃၃ နေ ဒေါ်ဥမ္မာခိုင် (၁၀/မဒန(နိုင်)၀၁၁၂၄၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် Shwe Yee Astrology and Tarot Special အမည်ဖြင့် Follower 230 K အား ကျွန်ုပ်မိတ်ဆွေ၏အမည်ဖြင့် Online Register No 148721003 ဖြင့် ဗေဒင်နှင့် တဲ့ရော့ဟောသည့်လုပ်ငန်းအား နာမည်ပျက်မရှိကောင်းမွန်သောဂုဏ်သတင်းဖြင့် ၂၀၂၁ ခုနှစ်မှစ၍ လုပ်ကိုင်လာခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်၊ ယခုအချိန်တွင် အကောင့်တုများဖြင့် ကျွန်ုပ်မိတ်ဆွေ၏ Page Messenger တွင် ရိုင်းစိုင်းသည့်စကားအသုံးအနှုန်းများဖြင့် လာရောက်ပြောဆိုနေခြင်းများ၊ Page ၏ Post များအောက်တွင် ရိုင်းစိုင်းသည့် Comment များဝင်ရောက်ရေးသား၍ ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မမှန်မကန်ရေးသားပြုလုပ်သည်များကိုတွေ့ရှိလာရပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ Page မှ ဓါတ်ပုံများယူ၍လည်းကောင်း၊ Page ၏နာမည်ကိုယူ၍သော်လည်းကောင်း၊ ရိုင်းစိုင်းသည့်အသုံးအနှုန်းများဖြင့် စာများထပ်မံပေးပို့လာလျှင်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့်မိသားစုဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လုပ်ငန်းထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်အကြံဖြင့်ဖြစ်စေ မဟုတ်မမှန်သောသတင်းများ ရေးသားဖော်ပြခြင်း၊ စိတ် အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့်စာများပေးပို့ခြင်းများကို ဤကြေညာစာသတင်းစာတွင်ပါရှိသည့်ရက်မှစ၍ လုံးဝ(လုံးဝ) ထပ်မံမပြုလုပ်ရန် တားမြစ်လိုက်ပါသည်၊ ယခင်ပြုလုပ်ထားချက်များလည်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိဘဲ ထပ်မံပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာခိုင်** | **ဒေါ်သီတာထူး (LL.B,D.B.L)** |
| **လွှဲအပ်ညွှန်ကြားသူ** | **တရားလွှတ်တော်ရှေ့နေ စဉ်-၁၅၄၆၂** |
| | **အမှတ်-၃၈၊ မြလမ်း၊ သီရိမြိုင်ရပ်၊မော်လမြိုင်မြို့** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာရပ်ကွက်၊ (C)၊ (၇)လမ်း၊ အမှတ်(၃၃၄)၊ မြေအကျယ် အလျား (၄၀)ပေ x အနံ (၆၅)ပေ ရှိ၊ ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးလှမျိုးမော် (၈/မကန(နိုင်) ၁၁၅၈၅၃) နှင့် ဒေါ်ရီရီဆွေ (၁၄/မအန(နိုင်) ၀၈၂၄၃၈) လက်ရှိပိုင်ဆိုင်ထားပြီး ၎င်းတို့မှ ဦးအောင်ဆက်ပိုင်(၁၂/သကတ(နိုင်)၂၁၁၂၆၆) နှင့် မိသားစုထံ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် နှစ်ဖက်သဘောတူညီမှုရကာ စရန်ငွေတစ်စိတ်တစ် ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် အခွန်ဆောင်၊ ဂရန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါပြီး (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာယူဆောင်ပြီး အောက်ဖော်ပြပါဖုန်းနံပါတ်များထံ ဆက်သွယ်ကာ တွေ့ဆုံကန့်ကွက်နိုင်ပါကြောင်း၊ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးအောင်ဆက်ပိုင်**
**အောင်မေတ္တာ(A) (၈)လမ်း၊ မကွေးမြို့၊ ဖုန်း-၀၉-၇၉၄၇၉၄၂၀၅၊ ၀၉-၄၀၁၅၅၅၁၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3464 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၅/အရတ(နိုင်)၀၅၄၅၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ဆုပြည့်လမ်း၊ ကွင်း/အကွက် အမှတ်နှင့်အမည်- (၆၇၈/ရွာသစ် )၊ ဦးပိုင်အမှတ်-(၁၁-ဆ)၊ ဧရိယာ(၀.၇၂၃)ဧကနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ဆုပြည့်လမ်း၊ ကွင်း/အကွက်အမှတ်နှင့် အမည်-(၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ်-(၁၁-ဇ)၊ ဧရိယာ(၀.၇၂၅)ဧက၊ တစ်ဆက်တစ်စပ်တည်း ဧရိယာစုစုပေါင်း(၁.၄၄၈)ဧက၊မူလဂရန်အမည်ပေါက်သူဒေါ်ခင်သိုက်မှ (၁၄-၈-၂၀၁၃)ရက်တွင် မြို့မြေအမှုတွဲအမှတ်- ( ၇၀ V ၂၀၁၃-၂၀၁၄ )၊ (၇၁ V ၂၀၁၃-၂၀၁၄ )တို့အရ ဦးလှထွန်းဦး အမည်သို့ ယခင်သက်တမ်းအတိုင်း ဂရန်အမည်ပြောင်းလဲရရှိထားသော ဝင်းမြေ၊ အရှေ့လားသော်- အောင်ဆုပြည့်လမ်း၊ အနောက်လားသော်- ပေ( ၂၀ )လမ်း၊ တောင်လားသော်- ဦးပိုင်အမှတ်- ( ၁၁-င )၊ ဦးကျော်သိန်း၊ မြောက်လားသော်- ဒေါ်ခင်သိုက်၊ ၎င်းနယ်လေးရပ်အတွင်းရှိဝင်းမြေနှင့် ယင်းဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိမှသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး၊ ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှထွန်းဦး(ဘ) ဦးလှိုင် ၁၂/ဗဟန(နိုင်)၀၈၄၀၄၁ မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမွန်(ဘ)ဦးဇော်မြင့် ၅/မရန(နိုင်)၁၁၇၆၁၆ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အထက်ဖော်ပြပါဝင်းမြေကွက်နှင့်ပတ်သက်၍ အမွေဆက်ခံခွင့်၊ ပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း သက်ဆိုင်သူဟု အဆိုရှိသူ မည်သူမဆို စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တရားဝင်လက်ရောက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိနိုင်ရန်အတွက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စအဝဝများကို ကျွန်ုပ်၏မိတ်ဆွေကပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်များအရ -** |
| **ဒေါ်အေးအေးမွန်** | **ဒေါ်ထားထားဦး (LLB), (D.B.L), ( Advocate )** |
| **၅/မရန(နိုင်)၁၁၇၆၁၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၂၆)(၄-၄-၂၀၁၇)** |
| **ကန်သာဦးရပ်၊ မုံရွာမြို့၊** | **သီရိလမ်း၊ သလ္လာအမှတ်(၁)ရပ်၊ မုံရွာမြို့၊** |
| **Ph : 0 9-987474814** | **Ph: 09-400466738** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၄၊ တပ်ကုန်း-N)၊ ဦးပိုင်အမှတ်(၃၁၀/၁ခ-၁)ရှိမြေကွက်သည် မူလက ဦးတာဂမ်အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်ထွက်ရှိသော မြေကွက်ဖြစ်ပြီး၊ မြေခွန်ပြေစာအမည်ပေါက်ထွက်ရှိသော ဦးတာဂမ်ထံမှ ဒေါ်သွမ်းသွမ်းထွေးက (၁၅-၇-၂၀၁၉)ရက်တွင်လည်းကောင်း၊ ဒေါ်သွမ်းသွမ်းထွေးထံမှ ဒေါ်ခါးရော်က (၃-၃-၂၀၂၀)ရက်တွင်လည်းကောင်း၊ ဒေါ်ခါးရော်ထံမှ ဦးဇော်လင်းက (၃-၆-၂၀၂၁)ရက်စွဲပါအိမ်ခြံမြေနှစ်ဦး သဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း၊ ဦးပိုင်(၃၁၀/၁ဃ-၁) ရှိ မြေကွက်သည် မူလက ဒေါ်ရှင်းနောမ်အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး၊ ဒေါ်ရှင်းနောမ်(ခ)ရှမ်းနောမ်ထံမှ ဦးကျော်ဝင်းခိုင်က (၄-၅-၂၀၂၀)ရက်တွင်လည်းကောင်း၊ ဦးကျော်ခိုင်ဝင်းထံမှ ဦးဇော်လင်းက (၆-၅-၂၀၂၁)ရက်စွဲပါအိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း အသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးဇော်လင်းအမည်ဖြင့် ဦးပိုင်အမှတ်(၃၁၀/၁ခ-၄+၃၁၀/၁ဃ-၂)၊ မြေဧရိယာ(၀ဒသမ၁၆)ဧကဖြင့်ဦးပိုင်ပေါင်း၍ (၂၀၂၀- ၂၀၂၁)ခုနှစ်မှစ၍ မြေခွန်ပြေစာအမည်ပေါက်ထွက်ရှိပြီးဖြစ်သဖြင့် ယခုအခါ ဦးဇော်လင်း ၉/မထလ(နိုင်) ၂၅၆၇၅အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂)၊ အနော်မာ(၁၉)လမ်း(အနောက်)၊ မြေကွက်အမှတ်(၃၁၇/က)၊ (၂၀'x၆၀') အကျယ်အဝန်းရှိ ဒေါ်စန်းရီ (NTN/၀၅၂၉၈၁)(ဘ)ဦးထွန်းမောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် တကွယင်းမြေကွက် ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြူကြူစိန် ၁၂/သကတ(နိုင်) ၁၀၅၇၅၆ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၂၅-၁၁-၂၀၂၅)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းမိုခမ်းအောင်(စဉ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၈၂၆၈၁၊ ၀၉-၄၄၃၂၂၀၇၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၇၀၄၉၂, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြတ်သူ ၉/မတရ(နိုင်) ၂၁၈၀၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၉၁၂/က)၊ ဦးအီသာ ပါမစ်အမည်ပေါက်ရှိသော (၂၀ပေ x ၆၀ပေ)ပါမစ်မူရင်းမြေကွက်ထဲမှ ခေါင်းရင်းဘက်ခြမ်းရှိ အမှတ်(၉၁၂/ခ) နှင့်ကပ်လျက်တည်ရှိသော အကျယ်အဝန်း(၁၀ပေ x ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်ဥမ္မာမြင့် ၁၂/ဒဂတ(နိုင်) ၀၂၀၄၂၈သည် ၎င်းမှ မိမိတရားဝင်လက်ရောက်ဝယ် ယူပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B,D.B.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၃)**
**အမှတ်(၁၉၇)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၇၆၁၆၁၈၂၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7643, NISSAN DIESEL AHV CW 53, DUMP TRUCK (6x4) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၉/တသန(နိုင်)၁၁၆၇၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၆

ရိုးမဘဏ်လီမိတက်
(၎င်း၏ကိုယ်စားဦးဇော်နိုင် **နှင့်** ၁။ ဒေါ်ကျင်နု
ဘဏ်ခွဲမန်နေဂျာ) ၂။ ဒေါ်ခင်မျိုးခိုင်
၃။ Agro Bio Product Company Limited(ကုမ္ပဏီ၏ကိုယ်စား ဒေါ်ခင်မျိုးခိုင် မန်နေဂျင်းဒါရိုက်တာ)

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁တွင် ၁၁,၀၄၅,၁၁၈,၃၇၃.၆၀ ကျပ်ရရှိခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းများတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇+၃၂ ကန်ဘဲ့၊ လူနေရပ်ကွက်အမှတ်-မိကျောင်းကန်အပိုင်း(၂)၊ မြေကွက်အမှတ်-၈၀၊ (ရေိယာ ၀ ဒသမ ၀၈၅) ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်ကျင်နုအမည်ဖြင့် မှတ်သားထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇+၃၂ ကန်ဘဲ့၊ လူနေရပ်ကွက်အမှတ်-မိကျောင်းကန်အပိုင်း(၂)၊ မြေကွက် အမှတ်-၈၁၊ (ဧရိယာ ၀ ဒသမ ၀၈၃) ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်ကျင်နုအမည်ဖြင့် မှတ်သားထားသည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး**
**ကျပ်သိန်း (၆၀၀၀၀) (ကျပ်သိန်း ခြောက်သောင်းတိတိ)**
**ပစ္စည်းစာရင်း**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇+၃၂ ကန်ဘဲ့ လူနေရပ်ကွက်အမှတ်-သီရိနန္ဒာအိမ်ရာစီမံကိန်း၊ မြေကွက် အမှတ်-၇၆၊ (ဧရိယာ ၀ ဒသမ ၀၈၄) ဧက၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်ကျင်နုအမည်ဖြင့် မှတ်သားထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်အာရ်စီအုတ်ညှပ် အဆောက်အအုံတစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး**
**ကျပ်သိန်း (၂၀၀၀၀) (ကျပ်သိန်း နှစ်သောင်းတိတိ)**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ် သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူခွင့်ရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## စတုတ္ထအကြိမ်မြောက် မေဒိနီ အာစရိယပူဇော်ပွဲ ပင့်လျှောက် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းတောရမေဒိနီ စာသင်တိုက်ကြီးတွင် (စတုတ္ထ)အကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေဒိနီအနန္တကျေးဇူးရှင် ဆရာတော်ဘုရားကြီးများအား ဦးထိပ်ထားလျက် ယခုလက်ရှိ သက်တော်ရှည် ဒွိအဘိဓဇ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောဝိဒဓဇ အရှင်သူမြတ်ကြီးအား မေဒိနီဝံသ/ဝံသီ စာသင်တပည့်များနှင့်တကွ အာစရိယပူဇော်ပွဲကို ပြုလုပ်လိုပါသောကြောင့် (မပျက်မကွက်)ကြွရောက်ပူဇော်နိုင်ကြပါရန် ပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲ အစီအစဉ်**

၁၃၈၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊ ၁၄-၁၁-၂၀၂၅ ရက် သောကြာနေ့ (အမျိုးသားနေ့) နံနက်(၈:၀၀)နာရီ အခမ်းအနားစတင်ပါမည်ဘုရား၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပါမည်။ ကျောက်ကုန်းတောရမေဒိနီ ဓမ္မာရုံကြီး၊ မိဘအရိပ် မြန်မာမှုတေးဂီတအဖွဲ့ (ရွှေဘိုသူ-ရွှေယမင်းဦးမှ တေးထပ်ရတုကဗျာဖြင့် ပူဇော်ပါမည်။) မှတ်ချက်။ အာစရိယပူဇော်ပွဲကြီးနေ့တွင် အပူဇော်ခံဆရာတော်ကြီး၏ နဝရတ်ရတုမွေးနေ့အတွက် (အထူး)တိုင်ပင်ညှိနှိုင်း အကြံပြုဆွေးနွေးပွဲ ပြုလုပ်ပါမည်ဘုရား။

**မေဒိနီအကျိုးတော်ဆောင်အဖွဲ့ - ဖုန်း-၀၉-၅၀၈၆၂၉၉**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်သားကို အသုံးပြုပြီး ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနေကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် (၂၄၁)နေ ဦးကျော်သန်း (ဘ)ဦးအစီ ၁၂/အလန(နိုင်)၀၂၀၅၇၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် - ၄/၉၁၁၀ဖြင့် (၁၇-၁၀-၂၀၂၅)ရက်တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး ပဲပုတ်ဆီသန့်နှင့် ဆီအမျိုးမျိုးတို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင် ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့နှင့် ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။ ၎င်းပဲပုတ်ဆီသန့်များကို ထည့်သွင်းထုပ်ပိုးထားသည့် ဆီပုံးများ ဆီဘူးများ အစရှိသည်တို့တွင်လဲ ၎င်းကုန်အမှတ်တံဆိပ်ကို ရိုက်နှိပ်/ကပ်နှိပ် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုအသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်မှလည်းကောင်း၊ အခြားအသင်းအဖွဲ့/အဖွဲ့အစည်းများမှလည်းကောင်း၊ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်း အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှု၏ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃/၈၅)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊အောင်ချမ်းသာလမ်း ဟံသာရိပ်မွန်အိမ်ရာ၊**
**(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၂

ဒေါ်ထွေးမြတ်သန္တာ **နှင့်** ဦးမြညွှန့်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ (၄)လမ်း၊ အမှတ်-(၉၆၃/ခ)နေ တရားပြိုင် ဦးမြညွှန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်)မွန်းမတည့်မီ နံနက်(၁၀:၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူမှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ထက်ပိုး၃)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ အမက (လွှန်)ရဲလှကုန်းကျောင်းမှ ဒု-လယ်ပြ ဒေါ်မိမိဖိုး ၇/ညလပ(နိုင်)၀၉၁၅၉၈၏ ဖခင်အမည်မှန်မှာ ဦးမောင်ခင် ဖြစ်ပါကြောင်း။

**ဦးမောင်ခင်**

## တစ်ဦးတည်း ဖြစ်ကြောင်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင်ကျေးရွာနေ (ဘ)ဦးခင်မောင်မြင့်၏သား စောကျော်ဝင်းမြင့် (ခ) စောကောင်းမြင့်သန့် ၃/ကဆက(နိုင်)၀၅၅၀၂၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မိဘအမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အထကခွဲ (ကျားချောင်း)၊ (G-12)မှ မောင်အောင်ဇော်ဇော်နှင့် (G-7)မှ မောင်ဇော်ထက်နိုင်တို့၏ မိဘအမည်မှန်မှာ ဦးမောင်မောင်မြင့် ၁၄/မမက(နိုင်) ၁၄၄၀၅၆ နှင့် ဒေါ်လှဲ့လှဲ့မူ ၁၄/မမက (နိုင်) ၁၄၄၀၈၃ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်မြင့်၊ ဒေါ်လှဲ့လှဲ့မူ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အိမ်အမှတ်(၂၀)၊ တောင်ထားဝယ်စုလမ်းနေ ဦးလွင်ဦး ၁၀/မလမ (နိုင်)၀၁၇၆၂၇ - ဒေါ်ချိုချိုအေး ၁၀/မလမ(နိုင်)၀၁၇၆၅၁ တို့၏ သား၊ မောင်ရဲသူဟန် ၁၀/မလမ (နိုင်)၁၉၉၁၇၇ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွင်ဦး-ဒေါ်ချိုချိုအေး**

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်နှင့် မိခင်အမည်မှန်

လှိုင်ကော်မြို့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ကြပ်ကြီး ဦးနန်းလန်၏ အမည်မှန်မှာ ဦးနန်းထွန်း ၁၂/ရကန(နိုင်) ၀၈၉၁၇၅ ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၈-၂-၁၉၆၅ ဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်ကော့လုံ ဖြစ်ပါကြောင်း။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၃၇

ဒေါ်စန်းစန်းမော် **နှင့်** ဦးခင်လှိုင်(ခ)ဦးထွန်းထွန်းနိုင်(ခ)ဦးတင့်လွင်
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၈)လမ်း၊ ၅လွှာ(ဘီ)၊ အမှတ်(၂၇)နေ တရားရှုံး ဦးခင်လှိုင်(ခ)ဦးထွန်းထွန်းနိုင်(ခ) ဦးတင့်လွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်စန်းစန်းမော်က ဤရုံးသို့ တရားရှုံး ဦးခင်လှိုင်(ခ)ဦးထွန်းထွန်းနိုင်(ခ)ဦးတင့်လွင်အား တရားမထောင်တွင် အကျဉ်းမချထားသင့်ကြောင်း အကြောင်းပြထုချေရန် အကြောင်းကြားစာ ထုတ်ဆင့်သည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍၊ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းအကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထိုက်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဒေါ်အေးနန္ဒာကျော် ၃/လဘန(နိုင်)၀၈၂၃၇၁ နှင့် အများသိစေရန်ကြေညာခြင်း

ဦးကျော်လွှမ်းမိုး ၇/တငန(နိုင်)၀၂၄၄၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သည့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်-၃ ရပ်ကွက်၊ ကျောက်တိုင်လမ်း၊ ကွင်းအမှတ်-၂၊ ကူးတို့ဆိပ်အကွက်၊ ဦးပိုင်အမှတ်-၉/၁-က/၁၊ ဂရန်မြေဧရိယာ (၀ ဒသမ ၀၁၁)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အမှတ်(၃/၉၇)ဟုခေါ်တွင်သည့် (၃)ထပ် RC အိမ်နှင့် မြေအား ဒေါ်အေးနန္ဒာကျော်မှ ၂၆-၁၁-၂၀၂၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာမှတင်ဆင့် "ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြော်ငြာခြင်း" ခေါင်းစဉ်ဖြင့် ၎င်းအား ရောင်းချထားကြောင်း မဟုတ်မမှန်ကြော်ငြာ ထည့်သွင်းထားကြောင်းနှင့် ၎င်းမှတစ်ဆင့် ပြန်လည်ရောင်းချ၊ ပေါင်နှံထားကြောင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူထံမှ ကြားသိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ မှတ်ပုံတင်လက်ရေး လက်မှတ်များအား အတုပြုလုပ်၍ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သည့် အိမ်နှင့်မြေအား နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် အတုများပြုလုပ်၍ အလွဲသုံးစားပြုလုပ်ခဲ့သူ ဒေါ်အေးနန္ဒာကျော်အား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဝင်ရောက်ကျူးကျော်နေထိုင်သူများအနေဖြင့် အမြန် ဆုံးထွက်ခွာပေးပါရန်နှင့် ဖယ်ရှားပေးခြင်းမရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောရွှေဝင်း (LL.B,LLM )** **ဒေါ်အေးနန္ဒာထွန်း ( LL.B)**
**(မဟာဥပဒေဘွဲ့)** **အထက်တန်းရှေ့နေ)**
**( တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၀၈၆/၁၆)** **(စဉ်-၅၁၄၈၁/၁၉)**
**အမှတ်(၁၀/၁၂)၊ အခန်း(၁၀၃၊)၊ (ပထပ်)၊ (၃၅)လမ်း၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၆၉၁၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့) လူနေရပ်ကွက်အမှတ်(၃)၊ အောင်သာယာလမ်း၊ မြေကွက်အမှတ်(၁၅၅/ခ)ဟု ခေါ်တွင်သော ဦးလှမျိုး(TGKN-၀၃၉၀၉၈)နှင့် ဒေါ်သွယ်သွယ်ဦး ၁၂/သလန(နိုင်)၀၈၁၉၆၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစား အကျယ်အဝန်း(၂၀x၆၀)ပေအနက်မှ (၁၀x၆၀)ပေ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး၊ ယင်း နေအိမ်၌ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဆန်နီလွင် ၁၂/လသယ(နိုင်)၀၄၅၆၀၂ သည် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်လွင် ၈/နမန(နိုင်)၀၃၅၂၄၀ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများအား ယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၂၅)**
**အမှတ်(၃/ခ)၊ အောင်ဆုပန်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း - ၀၉ ၄၂၁၀၈၄၃၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးထင်ကျော် ၁၃/တကန(နိုင်)၀၉၇၅၀၂ (ဘ) ဦးမြတင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၄၅၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၉၆/၂၀၁၆(၁၅-၇-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးတင်မိုးထွန်း ၉/မရတ(နိုင်)၀၁၇၂၆၉ (ဘ)ဦးလှမောင်မှ ဦးရဲညွှန့် ၁၂/မဘန(နိုင်)၀၁၇၄၃၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ (ဧပြီလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် ကမ်းနားလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သည့် ကတ္တရာအရည်ပြည့် (၆၀/၇၀)Drum Type တန်(၄၇၀) အား ဝယ်ယူသွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၁-၂၀၂၅ ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက်** - ၁၉-၁၁-၂၀၂၅ ရက်
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်နှင့် အချိန်** - ၂၀-၁၁-၂၀၂၅ ရက် နံနက်(၉:၃၀)မှ (၁၆:၃၀)နာရီ
(ဃ) **တင်ဒါတစ်စောင်ဈေးနှုန်း** - ငွေကျပ် ၁၅၀၀၀/-နှုန်း

၂။ ဖော်ပြပါကတ္တရာအရည်ပြည့် (၆၀/၇၀) Drum Type ၏ အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်ပုံစံများ ရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၉-၄၃၁၈၁၂၈၁၊ ၀၉-၄၃၁၀၀၆၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးစောလွင်(ခ)ဦးအီသရီးသည် ဒေါ်ဖာတမာဘီဘီ၊ ဒေါ်အရှာဘီတို့နှင့် လက်ထပ်ပေါင်းသင်းခဲ့ရာ သားသမီး(၄)ဦးထွန်းကားခဲ့ပါသည်။ သားသမီး(၄)ဦး အနက် ဒေါ်သန်းသန်းမြင့်မှာ အိမ်ထောင်မရှိ အပျိုကြီးဘဝနှင့် ကွယ်လွန်သွားပါသည်။ ဒေါ်ဖာတမာဘီဘီနှင့် ဒေါ်အရှာဘီတို့သည်လည်းကောင်း၊ ဦးစောလွင် (ခ) ဦးအီသရီးသည် ၁-၈-၂၀၀၉ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပါသည်။ ဦးစောလွင် (ခ) ဦးအီသရီး ကွယ်လွန်ပြီးနောက် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ရေဝေရပ်ကွက် ခုနစ်အိမ်တန်းလမ်းတွင် ရှိသော မြေကွက် အကွချာ-J-1 ၊ မြေကွက်အမှတ်-၁၃၊ ဦးပိုင်အမှတ်- ၄၈၊ ပိုင်ဆိုင်ခွင့်-L၊ မြေဧရိယာ ၀ ဒသမ ၁၀၃ ဧက၊ ဦးစောလွင်(ခ)ဦးအီသရီး အမည်ပေါက် နှစ်(၃၀) မြေငှား ဂရန်ထွက်ရှိသည့် ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ နှစ်ထပ်အဆောက်အအုံ တို့ကျန်ရစ်ခဲ့ပြီး၊ ဦးစန်းလွင်(ခ) ဦးမွတ်(စ်)တဖားက ကျန်မောင်နှမများဖြစ်သည့် ဒေါ်တင်နုနှင့် ဒေါ်သန်းသန်းနုတို့နှစ်ဦးအား ဖခင်ကျန်ရစ်သော နေအိမ်နှင့်ခြံမြေအတွက် ၎င်းတို့ရသင့်သည့် အစုများကို စိုက်ထုတ်၍ ပေးကမ်းခဲ့ပါသည်။ ထို့ကြောင့် ဦးစန်းလွင်(ခ) ဦးမွတ်(စ်)တဖားသည် ဖခင်ကျန်ရစ်သည့် အထက်ပါနေအိမ်နှင့်ခြံမြေကို ယနေ့ထိ (၃၄)နှစ်တိုင် လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ဦးစန်းလွင် (ခ) ဦးမွတ်(စ်)တဖားက ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ၎င်း၏အမည်ပေါက် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုလျှင် စာမှတ်စာတမ်းအထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာန အသီးသီးတွင်ဖြစ်စေ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးစန်းလွင်(ခ)ဦးမွတ်(စ်)တဖား၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၀၈)**
**အမှတ်(၄၈၆)၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့**
**ဖုန်း- ၀၉-၇၉၉၃၇၁၉၂၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/59250 SAWASDEE ALLOY 115, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယွန်းလက်ဇင် ၁၄/မအန(နိုင်)၂၆၅၀၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၀၇၇ Hi-Bird ယာဉ်အမည်ပေါက် ဦးညီဝင်း ၉/မရတ(နိုင်)၀၄၁၅၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ခေတ္တာလမ်း၊ အမှတ်-၅၄၅(ခ)ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၂)ရပ်ကွက်၊ ရွှေလီလမ်း၊ တိုက်(၆)၊ အခန်း(၁၀၁)နေ ဒေါ်မြတ်မိုမိုမြင့် ၁၂/လမတ(နိုင်)၀၁၉၉၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဝင်းမြင့်နှင့် ဒေါ်အေးအေးသိန်းတို့မှ (၁) ဒေါ်မြတ်မိုမိုမြင့်၊ (၂) ဒေါ်မျိုးဥမ္မာမြင့်၊ (၃) ဦးလူဖေမြင့်တို့အား မွေးဖွားခဲ့ပါသည်။ ဖခင်ဦးဝင်းမြင့်သည် ၁-၁-၂၀၁၄ခုနှစ်ကလည်းကောင်း၊ မိခင် ဒေါ်အေးသိန်းသည် ၄-၂-၂၀၂၅ခုနှစ်ကလည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ဦးဝင်းမြင့်နှင့် ဒေါ်အေးသိန်းတို့ ကွယ်လွန်ပြီးနောက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ခေတ္တာလမ်း၊ အမှတ် ၅၄၅(ခ) ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ပေ ၂၀ x အနံ ပေ ၆၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် ကျန်ရစ်ခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မိုမိုမြင့်သည် အထက်ဖော်ပြပါ ပစ္စည်းတွင် အမွေဆက်ခံအကျိုးခံစားခွင့်ရှိသူ အမွေဆိုင်တစ်ဦးဖြစ်ပါသည်။ ထို့အတွက်အမွေဆိုင်ပစ္စည်းဖြစ်သည့်အထက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အမွေသက်ဆိုင်သူတစ်ဦးဖြစ်သည့် ဒေါ်မြတ်မိုမိုမြင့်၏ သဘောတူညီခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးနွေအေး | ဒေါ်စန္ဒာအောင် |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၉၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၂၇) |

**အမှတ်(၂၁)၊ ဥဿဖရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၁၅၀၇၊ ၀၉-၆၇၈၅၁၁၉၅၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၈

**ကွယ်လွန်သူဦးဘဆွေ ၏ ကျန်ရစ်သောပစ္စည်းများ နှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘဆွေ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်မာဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ ရက်၊ (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘဆွေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်မာဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်တင်သန်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၆၂၁၇ )၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ နှစ်(၃၀)မြေငှားစာချုပ်သည် ဒေါ်မာမာမော် (ဘ) ဦးသိန်း ၉/မခန (နိုင်)၁၅၃၀၅၈ အမည်ပေါက်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဦးပြေငြိမ်း (ဘ)ဦးတင်ထွန်း ၁၂/ဒဂန(နိုင်)၀၂၇၁၅၇ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးပြေငြိမ်း (ဘ) ဦးတင်ထွန်း ၁၂/ဒဂန (နိုင်)၀၂၇၁၅၇ ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသောဇနီး ဖြစ်သူ ဒေါ်နော်သလဲထူး (ဘ) ဦးစောထွန်းမင်း ၁၂/သလန(နိုင်)၁၆၂၆၀၃ မှ ၎င်းအမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၁၆-ခ/၁၆-ဃ)+(၁၆-င/၁၆-စ)+(၁၆-ဆ)၊ ဧရိယာ ၀ ဒသမ ၈၄ + ၀ ဒသမ ၈၆+ ၀ ဒသမ ၄၃ဧကအတွင်းမှ ခန့်မှန်းဧရိယာ ၁ ဒသမ ၅ဧက အကျယ်အဝန်းရှိ ဦးမင်းထင်နှင့် ဒေါ်ချောမူယာဝင်း အမည်ပေါက် ဂရန်မြေကွက်များနှင့် မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမင်းထင် (ဘ) ဦးသာစိန် ၉/မရမ(နိုင်)၀၂၃၇၁၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးငွေ စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်တင့်တင့်ရှိန် (LL.B) | ဒေါ်ပြည့်စုံထွေး (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**လမ်း-၆၀၊ ၃၂(စီ)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၆၅၀၇၁၂**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂၃) ရပ်ကွက်၊ ရွှေစံပယ်လမ်း၊ အမှတ်(၁၃၄၉)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) (ခေါင်းရင်းခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငွေလှိုင် ၈/ရနခ(နိုင်)၁၃၉၆၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းဝေမြင့် ၁၂/လသယ(နိုင်)၀၇၀၆၈၇ က ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သွယ်သွယ်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၅၉)**
**အမှတ် (၄၄)၊ ပ-ထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၀၅၂၂၇၇၊ ၀၉-၇၉၅၉၈၈၂၈၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## မကွေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁

| | | |
|---|---|---|
| ဒေါ်နေခြည်အေဘီ | နှင့် | ၁။ ဦးစန်းမောင် |
| | | ၂။ ဒေါ်သီသီစန်း |
| | | ၃။ ဒေါ်သူဇာထူး |
| | | ၄။ ဦးစိုးဝေ |
| | | ၅။ ဒေါ်ပွင့်လွှာ |
| | | ၆။ ဒေါ်မြကြည် |
| | | ၇။ ဒေါ်မြဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အောင်မေတ္တာ(ဘီ) ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၄၃၈)နေ အမှတ်(၂)တရားပြိုင် ဒေါ်သီသီစန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နေခြည်အေဘီမှ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်)နံနက် ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမြတ်မွန်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**မကွေးခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်မျိုးသူ (ဘ) ဦးဘိုးလှ ၁၂/သကတ(နိုင်)၀၉၂၁၈၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၆၀၆၅၈**

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးမောင်ထွေး ၃/ဖပန (နိုင်)၀၀၅၆၆၇ ၏ သမီး မမေခင်ထွေး ၃/ဖပန(နိုင်) ၀၀၉၂၉၄၏ မွေးသက္ကရာဇ် အမှန်မှာ ၇-၈-၂၀၀၂ ဖြစ်ပါ ကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/2226 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ သပြေမြို့ကွက်သစ်၊ မြေကွက်အမှတ်(၁၇၂ ၁၇၃)ဟုခေါ်တွင်သော အနံ ၂၀'× အလျား ၆၀'ရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များ၏ အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်ပယ်ရင်းကျွမ်း(၁၃/လကန(နိုင်)၀၀၆၀၀၇)မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းမောင်(၆/သရခ(နိုင်)၀၀၂၀၆၉)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစန်းမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနန္ဒာသိန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)**
**အမှတ်(၉၇)၊ ၃+၄လွှာ၊ ၁၀၁လမ်း၊ ဖိုမြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာ၊ ရန်ကုန်-ပြည်လမ်း၊ ကွင်းအမှတ်(၇၄၂)၊ ကွင်းအမည်-စစ်ကွင်း၊ ဦးပိုင်အမှတ် (၅၀/၄)၊ ဒေါ်ဆွေဇင်အောင် အမည်ပေါက် အကျယ်အဝန်း ၀ ဒသမ ၁၁ ဧကခန့်ရှိ မြေကွက်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဆွေဇင်အောင် ၁၂/လမန(နိုင်) ၁၄၇၂၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထွန်းနောင် ၁၂/ကတန(နိုင်)၁၂၇၄၈၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း(အနောက်) (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Ph : 09-450020302**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃) ၊ မာန်ပြေ(၂၂)လမ်းအရှေ့ ၊ မြေကွက်အမှတ်(၃၈/ခ) နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိသော မြေကွက်တွင်ဆောက်လုပ်ထားသော RC (၁) ခန်းတွဲ၊ (၆) ထပ်တိုက်သစ်တွင် ပဥ္စမထပ်(၆-လွှာ)၊ ဧရိယာအကျယ်အဝန်း(၁၈ပေx၅၄ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးသက် ၁၂/သကတ(နိုင်) ၁၄၅၅၆၈ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စီစီမာ ၁၂/ဒပန(နိုင်)၀၀၈၅၉၂ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း စရန်ပေးအရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက် လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၇၁၄၀)**
**အမှတ်(၇၀၅)၊ မာန်ပြေ(၁)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၃၈၉၇၁၇၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ရွာမသဘော်ကျောင်းရပ်ကွက်၊ ဇေယျာသီရိ(၅)လမ်း၊ အမှတ်ခ/၁၀၃နေ ကျွန်ုပ်မိတ်ဆွေ ဒေါ်ထွေးထွေးလွင် ၁၀/မလမ(နိုင်)၁၇၇၇၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ သားဖြစ်သူ ဦးအောင်မျိုးလွင် ၁၀/မလမ (နိုင်)၂၅၃၅၉၂သည် မိခင်၏ပြောဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒ အလျောက် အိမ်ပေါ်မှဆင်းသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၅၃)**
**အမှတ်(၄)၊မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၄၈၀၀၃၃၅၂**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/3926 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/64838, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေဦး ၈/မမန(နိုင်) ၁၉၂၉၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## မွေးနေ့ဆုတောင်းလွှာ

ယနေ့ ၂၀၂၅ နိုဝင်ဘာလ (၇)ရက်မှာကျရောက်တဲ့ နေပြည်တော် ပျဉ်းမနားမြို့နေ ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တန်ဆောင်း၊ ရဟန်းဒါယိကာမကြီး ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်မိသားစုမှ မိခင်ကြီးသီဟသုဓမ္မသိင်္ဂီ ဘွားဘွားဒေါ်မြင့်မြင့်ရဲ့(၇၉)နှစ်ပြည့်မွေးနေ့ရက်မြတ်အချိန်အခါသမယမှစ စိတ်ချမ်းသာကိုယ်ကျန်းမာအနာရောဂါများကင်းပြီး ချစ်ရတဲ့ သားသမီး မြေးများနဲ့ အသက်ရာကျော်ကျန်းမာစွာဖြင့် ဘာသာသာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ ယခုကျရောက်သော (၇၉)နှစ်ပြည့်မွေးနေ့ကစ စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒပြည့်ပါစေ.. ထက်သန်သောသဒ္ဓါတရားနှင့် စိတ်ရှိတိုင်း လှူဒါန်းနိုင်ပြီး တရားထူး တရားမြတ်များလည်းရရှိပါစေ.. ပျော်ရွှင်ရသော (၇၉)နှစ်ပြည့်မွေးနေ့ ရက်မြတ်လေးဖြစ်ပါစေလို့ ချစ်ရတဲ့မိသားစုများမှ မွေးနေ့ဆုမွန်လေး တောင်းပေးလိုက်ပါတယ်ရှင်။

**ချစ်သမီးကြီး**
**ဦးအောင်အောင်-ဒေါ်နန္ဒာထင်လင်းကျော်**
**မြေး မောင်ခန့်ညားအောင်အောင်၊ မောင်ရဲသွေးအောင်**
**ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်**

**ချစ်သမီးငယ်**
**ဦးစည်သူထွန်း-သုဓမ္မသိင်္ဂီဒေါ်ကလျာထင်လင်းကျော်**
**မြေး-မကြယ်စင်လင်းထွန်း၊ မောင်ကောင်းခန့်လင်းထွန်း**
**ရွှေစင်မြင့် စိန်ရွှေရတနာဆိုင်**
**Guardian Private School**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ( ၃ )ရက်
## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ( ၇ )ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို နိုဝင်ဘာလ (၁၇) ရက်မှ (၂၆) ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## မိခင်အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် စံပြရပ်ကွက်နေ မပွင့်ဖူးဝတီ ၁၂/ဗဟန(နိုင်)၁၁၁၀၅၀ ၏ မိခင် ဒေါ်သူဇာထွန်း ၈/ရနခ(နိုင်)၁၃၂၇၂၂နှင့် ဒေါ်သူဇာဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/45461, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းပပ ၁၄/ဒဒရ(နိုင်)၁၉၉၃၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ အမှတ်(၂၀၉)၊ ၃ ထပ်ခွဲတိုက်၏ ပထမထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၂ ပေခွဲx ၅၀ပေ) အကျယ်ရှိ တိုက်ခန်း (၁)ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဘိုဝင်း ၁၄/သလခ(နိုင်)၀၀၃၃၁၉ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်မြင့် ၈/မမန(နိုင်)၂၁၃၃၃၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူသူမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၇)
အမှတ် (၇)၊ မြေညီ (အေ)၊ ဣန္ဒာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၄၄၇၈၅၃၃၀၉

## အများသိစေရန်အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်လိုင်ရွာ ရွာလယ်ပိုင်း၊ မြေအကျယ်အရှေ့ ပေ ၁၅၀၊ အနောက်ပေ ၁၂၀၊ တောင် ပေ ၁၀၀၊ မြောက် ၁၃၈ ပေရှိသော မြေကွက်ကို ကျွန်မ ဒေါ်နွဲ့ (ဘ)ဦးထွန်းတင် ၉/မမန(နိုင်)၀၄၆၈၈၃ သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီမွန်(ခ)ဒေါ်ရည်ရည်မွန် (ဘ)ဦးထွန်းကြွယ် ၉/ပဥလ(နိုင်)၀၅၅၂၂၉ က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိဆွေ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၄၁)**
**ငါးရံ့ချောင်းကျေးရွာ၊ ရပ်ကွက်ကြီး(၁၉)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၉၇၆၃၂၄၄၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ စိန်ပဒေသာလမ်း၊ မြေကွက်အမှတ် (၇၃၆-ခ)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်သဥ္ဇာအောင် ၁၂/တမန(နိုင်)၁၁၁၄၉၅ အမည်ပေါက်ပိုင် အလျား ပေ ၂၀၊ အနံပေ ၆၀၊ ဧရိယာ ၁၂၀၀ စတုရန်းပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ ရေ/မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်သဥ္ဇာအောင် ၁၂/တမန(နိုင်)၁၁၁၄၉၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးညီညီဇော် ၁၄/မအပ(နိုင်)၁၇၆၀၇၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၁/၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၁၅၀/၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(YRIC)၏ အတည်ပြုမိန့်အမှတ် ရကတ-၁၀၃/၂၀၁၈ ပြန်လည်အပ်နှံရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့် ၉/မနမ(နိုင်)၀၉၈၄၄၇ အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုမြို့တိုးချဲ့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၉)၊ မြေကွက်အမှတ်(၅၂) ဟုခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံကို Jiu Rui Plastic Products Co.,Ltd မှ ငှားရမ်း၍ CMP စနစ်ဖြင့် ပလတ်စတစ်ကြိုးအမျိုးမျိုးနှင့် ပလတ်စတစ်တိပ်ထုတ်လုပ်ခြင်း လုပ်ငန်းအား ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC)၏ ခွင့်ပြုချက်ဖြင့် တရားဝင်လုပ်ကိုင်ခဲ့ပြီး ယခုအခါအဆိုပါကုမ္ပဏီမှ လုပ်ငန်းများရပ်ဆိုင်းခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေနှင့် Jiu Rui Plastic Products Co.,Ltd အကြား ချုပ်ဆိုခဲ့သည့် အငှားစာချုပ်အား တရားရုံးအမိန့်ဖြင့် ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင် အထက်ဖော်ပြပါ မြေကွက်လိပ်စာဖြင့် Jiu Rui Plastic Products Co.,Ltd မှ လျှောက်ထားရယူအသုံးပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(YRIC)၏ အတည်ပြုမိန့်အား ပြန်လည်အပ်နှံရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် အထောက်အထားစာရွက်စာတမ်းဖြင့် သက်ဆိုင်ရာ ရုံးဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်စုစုလှိုင် | ဒေါ်တင်လှဲ့လှဲ့ဝင်း | ဦးဇေယျာဌေးတင့် |
|---|---|---|
| LL.B(စဉ်-၇၉၅၄) | LL.B(စဉ်-၁၂၀၄၅) | LL.B(စဉ်-၁၂၁၂၀) |

တရားလွှတ်တော်ရှေ့နေများ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၂၅၄၅၁၈၆၇၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ စိန်မြရံချယ်(၂)လမ်း၊ မြေကွက်အမှတ်(၁၁၈၂)၊ မြေအကျယ်အဝန်း (အလျား ၄၅x အနံ၆၀)ပေရှိ ဒေါ်စန်းစန်းငြိမ်း ၁၂/ရကန(နိုင်)၀၀၀၆၇၄ အမည်ပေါက်နှစ်(၆၀) မြေငှားဂရန် မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် ဘယ်အစွန်ဘက်ခြမ်း၊ လမ်းမှမျက်နှာမူလျှင်-ဘယ်၊ (၁၁၈၁)မြေကွက်နှင့်ကပ်လျက်မြေအကျယ်အဝန်း(အလျား၁၀xအနံ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ရီရီစံ ၁၂/ဥကတ(နိုင်)၁၁၆၂၅၉ နှင့် ဒေါ်မူမူပြုံး ၆/ကသန(နိုင်)၀၀၁၀၆၅ တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်မူမူပြုံးမှာ ၁၀-၄-၂၀၂၅ ရက်က ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏အမွေစားအမွေခံသားသမီးများ ဖြစ်ကြသည့် ဒေါ်ပြုံးသီရိဦး ၁၄/ကလန(နိုင်)၀၈၆၃၂၃၊ ဦးပိုင်ဟိန်းဦး ၁၄/ဟကကက(နိုင်)၀၄၅၄၀၂ နှင့် ဦးသက်နိုင်ဦး ၁၄/ဟကကက(နိုင်)၀၄၅၄၀၂ တို့ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စုမြတ်မွန် ၁၂/ဥကတ(နိုင်)၂၀၃၀၄၂ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်စုမြတ်မွန်**
**၁၂/ဥကတ(နိုင်)၂၀၃၀၄၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)**
**အမှတ်-၇၇၊ ဦးပုညလမ်းနှင့်ဗိုလ်ကြာညွန့်လမ်းထောင့်၊ ၃၂ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ လူနေရပ်ကွက် အမှတ်(၁၅/၂)၊ တိုးချဲ့(၁)လမ်း၊ အမှတ်(၈/ခ)ဟုခေါ်တွင်သော (၂၀x၆၀)ပေ၊ (၁၂၀၀) စတုရန်းပေ အကျယ်ဝန်းရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းသိန်း (WKA-၀၈၇၁၀၄) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထွန်းသိန်း (WKA-၀၈၇၁၀၄) ၁၂/ဥကတ(နိုင်)၁၁၅၉၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအာကာစည်သူအောင်၁၂/အစန(နိုင်)၁၈၉၉၈၈၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်လှိုင်ဌေး(LL.B., D.I.P.L, D.B.L.,)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၀၈)**
**ဖုန်း-၀၉-၇၉၉၇၈၀၀၅၁၊ ၀၉ - ၂၅၈၅၈၈၂၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၁၄၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသက်မြတ်နိုးဦး ၁၀/မဒန(နိုင်)၃၀၁၆၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၈၉၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသက်မြတ်နိုးဦး ၁၀/မဒန(နိုင်)၃၀၁၆၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/8267 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်) (ပြည်မြို့)**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မောင်နေလင်းအောင်(ခ)အင်းမရန်းဂျမားလ် ၁၂/ဗတထ(နိုင်)၀၄၅၅၀၅ နှင့် မသင်းဟေမာန်လင်း(ခ)ဟန်နီဖာဟ် ၁၂/စခန(နိုင်)၀၈၂၆၉၁ တို့သည် ၂-၃-၂၀၂၄ ရက်တွင် နိကာဟ်ပြုထိမ်းမြားခဲ့ပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ နေကာဟ်ပြုပြီး နှစ်လကျော်ခန့်အကြာမှစ၍ ခင်ပွန်းဖြစ်သူသည် ဇနီးဖြစ်သူအပေါ် ပေးကမ်းထောက်ပံ့မှုမရှိခြင်း၊ စိတ်ရောကိုယ်ပါ ထိခိုက်နာကျင်စေခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် အစ္စလာမ်တရားတော်နှင့်အညီ ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်တော့သဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်မ်လူငယ်များ (ဘာသာရေး)အဖွဲ့ မ.မ.လဌာနချုပ်၏ ဓမ္မသတ်လွှာ ၂၄/၂၀၂၄၊ စာအမှတ် ၂၀-၉-၄၅/ဓမ္မသတ်(ဖသ်ဝါ) ၉/၂၀၂၅၊ ရက်စွဲ-၂၀၂၅ခုနှစ်၊ ဇူလိုင်လ(၂၆)ရက် ဓမ္မသတ်ဆုံးဖြတ်ချက်ဖြင့် ၂၆-၇-၂၀၂၅ ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ ခုလာအ်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို ဖြေကြားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မောင်နေလင်းအောင်(ခ)အင်းမရန်းဂျမားလ်နှင့် မသင်းဟေမာန်လင်း(ခ)ဟန်နီဖာဟ် တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါ။ မသင်းဟေမာန်လင်း(ခ)ဟန်နီဖာဟ်အား မည်သူမျှ ဂုဏ်သိက္ခာကျဆင်းအောင် အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ လုံး၀(လုံး၀)မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသင်းဟေမာန်လင်း(ခ)ဟန်နီဖာဟ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစစ်အောင်နိုင် (L.L.B, D.I.P.L) အထက်တန်းရှေ့နေ (စဉ်-၅၆၈၂၉)**
**ဖုန်း-၀၉-၄၂၀၁၀၂၃၇၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ အိမ်အမှတ် (၁၇/၁၅)တွင် နေထိုင်သူ ဦးတင်မိုးဇော် ၉/ပမန(နိုင်)၀၂၄၄၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးတင်မိုးဇော်၏သမီးဖြစ်သူ မပိုးဇာခြည်ကျော် ၉/ပမန(နိုင်) ၂၈၉၀၇၆ သည် ဖခင်၏ဂုဏ်သိက္ခာကျဆင်း၍ စိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပြီး မိမိ၏စိတ်သဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် မပိုးဇာခြည်ကျော်နှင့် ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေးကိစ္စစသည့် အခြားမည်သည့် ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးသွားမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မိုးဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဟေမာန်နှင်း (ခ) ဒေါ်ဟေမာနှင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၇/၈-၂-၂၀၂၂)**
**ဖုန်း-၀၉-၄၂၀၇၅၂၂၀၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းသီဟ ၇/သနပ(နိုင်)၁၅၂၇၀၄ ပတ်စ်ပို့အမှတ် MH-641044 ၏ OWIC ကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

**ဖုန်း-၀၉-၆၇၂၉၈၈၆၇၃**

## ပျောက်ဆုံးကြောင်း

(ဘ)လုံးဆောနန္တာ၏ သမီး ကျွန်မ နန်းလောဝ် ၁၃/လခန(နိုင်)၀၅၉၁၀၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၅၀၇၀၆၇**

## ပျောက်ဆုံးကြောင်း

ဦးတိလောက ၁၂/ဗဟန(သ)၀၀၀၆၂၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း-၀၉-၄၅၅၃၂၂၀၁၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ပေါက်တူးတောင်ရွာနေ (ဘ) ဦးမောင်မောင်သန်း၏ သမီး မသန္တာခင် ၁၁/မပတ(နိုင်)၀၈၁၈၄၄ နှင့် မသန္တာခိုင်သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အ.ထ.က (မိုးကြိုးပစ်)၊ Grade-4 မှ မခင်စုစုကျော်၏ ဖခင်အမည်မှန်မှာ ဦးထင်ကျော်ထက် ၁၂/သဃက(နိုင်)၁၄၅၅၉၇ ဖြစ်ပါသည်။

**ဦးထင်ကျော်ထက်**

## အမည်ပြောင်း

(ဘ)ဦးအောင်ကိုလင်း၏ သမီး ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အ.ထ.က ရုပ်ဆိုင်ကျေးရွာ Grade-5 မှ မငွေကြယ်စင်လင်းအား ယနေ့မှစ၍ မလဝန်းအိန္ဒြေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလဝန်းအိန္ဒြေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၂၁၂၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) လျှောက်လွှာခေါ်ယူခြင်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁၀)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သတ်မှတ်ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာတတ်ကျွမ်းသူ ဖြစ်ရမည်။
(ဂ) ၅-၁၂-၂၀၂၅ ရက်တွင် ပြင်ပပုဂ္ဂိုလ်များ အသက်(၃၀)ထက် မကျော်လွန်သူ ဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၈-၁၁-၂၀၂၅ ရက် (စနေနေ့) မှ စတင်၍ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၅-၁၂-၂၀၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ရေးဖြေစာမေးပွဲကို ၂၂-၁၂-၂၀၂၅ (တနင်္လာနေ့)နှင့် ၂၃-၁၂-၂၀၂၅ (အင်္ဂါနေ့)တို့တွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာ ဘာသာရပ်(၃)ခု ဖြေဆိုစေခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ (ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၄။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း-၀၂-၄၇၅၀၀၀၆၊ ၀၂-၄၇၅၀၀၀၅၊ ၀၂-၄၇၅၀၂၃၆၊ ၀၉-၂၀၀၁၄၉၇၊ ၀၉-၄၀၂၆၀၅၉၀၄ နှင့် ၀၉-၄၄၄၀၃၆၅၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

## ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) ၏ (၃၂) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** ။ ။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်(စနေနေ့)
**ကျင်းပမည့် အချိန်** ။ ။ နံနက် (၁၁:၀၀)နာရီ (နံနက် ၁၀:၃၀ နာရီတွင် ကြိုတင်ဝင်ရောက်ပေးပါရန်။)
**ကျင်းပမည့်နေရာ** ။ ။ ခ/၈၁-၈၂၊ ကံ့ကော်လမ်းမကြီး မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ကုန်စည်ဒိုင် အစည်းအဝေးခန်းမ။

(အသင်းနှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဧည့်သည်တော်ကြီးများနှင့် အသင်းသားများသည် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) အစည်းအဝေး ခန်းမတွင် ကိုယ်တိုင်အဆင်ပြေချောမွေ့စွာ ပါဝင်တက်ရောက်နိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များတွင် ကြိုတင် အမည်စာရင်းပေးသွင်းနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ယင်းအစည်းအဝေးတွင် အကြံပြုလိုသည့်အချက်များရှိပါက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (သောကြာနေ့) ရုံးချိန်ထက် နောက်မကျစေဘဲ Ph.no 09-400502515 သို့ Viber ဖြင့်လည်းကောင်း၊ ydccibyn@gmail.com ဖြင့်လည်းကောင်း အချိန်မီပေးပို့ကြပါရန်နှင့် ၎င်းနေ့ရက်ထက်ကျော်လွန်ရောက်ရှိလာသော အကြံပြုချက်များကို ပြန်ကြားမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

Hot Line No. 01-3680421, 01-3680910, 01-3683493, ydccibyn@gmail.com

အလုပ်အမှုဆောင်အဖွဲ့

## မွေးသက္ကရာဇ်အမှန်

မိတ္ထီလာမြို့၊ ချည်စက်ရပ်ကွက်၊ သဲတောလေးနယ်မြေ (၁)နေ အထက ချည်စက် Grade-5 မှ (ဘ) ဦးကျော်ကျော်မင်း၏ သားဖြစ်သူ မောင်သူရဇ္ဇလင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၆-၇-၂၀၁၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/67405 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီဟ ၁၄/ပတန(နိုင်)၀၀၁၃၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်

## ရွှေမိုက်လေလံကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့၊ ရွှေကျောင်းကြီးတိုက်၊ သကျမုနိမိုယ်းကောင်းဘုရားကြီးပရဝုဏ်အတွင်းတည်ထားကိုးကွယ်သော ရွှေဟောင်း သမိုင်းဝင် **မင်းလကျာ်သိရိစေတီတော် နှင့် မင်းလက်ဝဲသိရိစေတီတော်** စေတီတော်နှစ်ဆူအား လုံးတော်ပြည့် ရွှေစင် ရွှေစစ် ရွှေသင်္ကန်း ပြန်လည်ကပ်လှူပူဇော်မည် ဖြစ်ပါသည်။

စေတီတော်နှစ်ဆူမှ လက်ရှိ ရွှေမိုက်များကို လေလံဆွဲဝယ်ယူလိုသူများ ဈေးပြိုင် စနစ်ဖြင့် လေလံဆွဲဝယ်ယူနိုင်ပါသည်။

(က) ရွှေမိုက်လေလံကို ၁၃၈၇ - ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် - ၆ရက် (၁၀.၁၁.၂၀၂၅) ရက်နေ့ နံနက် (၉) နာရီ မှ စတင်၍ လက်ခံပါမည်။
(ခ) ရွှေမိုက်လေလံကို ၁၃၈၇ - ခုနှစ်၊ နတ်တော်လဆန်း - ၁၀ ရက် (၂၉.၁၁.၂၀၂၅) ရက်နေ့ထိ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။
(ဂ) ရွှေမိုက်လေလံကို ၁၃၈၇ - ခုနှစ်၊ နတ်တော်လဆန်း - ၁၁ ရက် (၃၀.၁၁.၂၀၂၅) ရက်နေ့ နံနက် (၁၀) နာရီမှ စတင်၍ ကျင်းပပါမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (ရုံးချိန်အတွင်း) သကျမုနိမိုယ်းကောင်း ဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၊ ပေါင်းတည်မြို့ နတ်တလင်းခရိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် လာရောက် လေ့လာ စုံစမ်းနိုင်ပါသည်။

အကြောင်းတစ်စုံတစ်ရာ မညီညွတ်ခဲ့လျှင် ဂေါပကအဖွဲ့မှ လေလံပွဲကိုပယ်ဖျက်ပါမည်။

သကျမုနိမိုယ်းကောင်းဘုရားကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ပေါင်းတည်မြို့ နတ်တလင်းခရိုင် ပဲခူးတိုင်းဒေသကြီး
ဖုန်း - 09.773900877,09423716785,09792263899

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နေ ဒေါ်သန်းသန်းမျိုး ၉/မရမ(နိုင်)၀၈၈၁၆၆ သည် ကားနံပါတ် 1F-9853 Honda Fit Ge 6 (2008) အနက်ရောင်ယာဉ်အား ၅-၁၁-၂၀၂၅ ရက်တွင် ဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်လေးမွန် ( LL.B )
အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂)
ဖုန်း-၀၉-၄၂၂၅၅၇၀၀၀၊ ၀၉-၇၆၉၂၇၀၀၀၆

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ဖျက်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ ဂုဏ်မင်းအင်းကျေးရွာ၌နေထိုင်သည့် ဦးဇော်မိုးလွင် ၉/ပမန(နိုင်)၂၄၀၅၃၉၊ ဒေါ်လွင်လွင်အေး ၉/ပမန(နိုင်)၂၆၃၀၆၄ တို့၏သမီး မဖြိုးဝေကျော် ၉/ပမန(နိုင်)၂၃၅၀၉၉ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သတ်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာထားသည့်အပေါ် မိဘများ၏ သဘောဆန္ဒအရ ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မိုးလွင် - ဒေါ်လွင်လွင်အေး
တဲကြီးကုန်းအုပ်စု၊ ဂုဏ်မင်းအင်းကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၅၉၅)ကို အမည်ပေါက် ဦးအောင်မောင်း (ဘ) ဦးမိုးငယ် (ကွယ်လွန်)၏ အမွေခံသမီး ဒေါ်ရီရီချို (ဘ) ဦးအောင်မောင်း ၉/ပဗသ(နိုင်)၀၀၄၂၀၈မှ မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)၊ မြေပေးစလစ်(မူရင်း)၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ အမည်ပေါက် သေဆုံးမှုလက်မှတ်၊ တရားရုံးကျမ်းကျိန်ဆိုချက် (မူရင်း)၊ မြေပြင်အခြေအနေပြမြေပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မင်းလှမြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

| | | |
|---|---|---|
| ဒေါက်တာ ခင်လေးဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မြမူ) | နှင့် | ၁။ ဦးမြင့်အောင်<br>၂။ ဒေါ်သူဇာနွယ်<br>၃။ ဦးတင့်ထူးနိုင်<br>၄။ ဒေါ်ဥမ္မာခိုင် |
| (တရားလို) | | (တရားပြိုင်များ) |

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၊ အမှတ်(၃) တောင်ရပ်ကွက်နေ ဦးမြင့်အောင်၊ ဒေါ်သူဇာနွယ်၊ ဦးတင့်ထူးနိုင်နှင့် ဒေါ်ဥမ္မာခိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါက်တာခင်လေးဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မြမူ) က "တရားလိုစီမံခန့်ခွဲနေသော ဝိုင်းမြေကွက်အတွင်း မြေကွက်ဖိုးပြေကျေအောင် ပေးချေခြင်းမရှိဘဲ နေအိမ်ဆောက်လုပ်ထားသော အဆောက်အအုံနှင့် တရားပြိုင်တို့၏ ပစ္စည်းများအားလုံး ဖျက်သိမ်းဖယ်ရှား၍ မြေကွက်အား လက်ရောက်အပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူများ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်ထက်အောင်)
မြို့နယ်တရားသူကြီး
မင်းလှမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁ နှင့် ၅ ) မုဒုံမြို့နယ်တရားရုံးတော်၌ ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

| | | |
|---|---|---|
| SATHAPANA LIMITED (ယင်းကိုယ်စားလှယ်ရုံးခွဲမန်နေဂျာ ဦးအောင်နိုင်ဝင်း) | နှင့် | ၁။ ဒေါ်သင်းသူဇာ<br>၂။ ဦးမြင့်ထွန်း<br>၃။ ဒေါ်နှင်းရွှေရည်သင်း<br>၄။ ဒေါ်ညိုညိုဝင်း<br>၅။ ဒေါ်မဲ<br>၆။ ဦးလင်းဇော်ထွန်း |
| (တရားလို) | | (တရားပြိုင်များ) |

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြံ့ခိုင်ရေးရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ် (၁၅)နေ တရားပြိုင် ဒေါ်နှင်းရွှေရည်သင်းနှင့် ဒေါ်ညိုညိုဝင်း (အတူနေသားအမိ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ မော်-သံလမ်း၊ အမှတ်(၃၂၂)နေ တရားလို SATHAPANA LIMITED (ယင်းကိုယ်စားလှယ်ရုံးခွဲမန်နေဂျာ ဦးအောင်နိုင်ဝင်း)က ချေးငွေ (၉၄၉၈၄၈၃)ကျပ် (ကိုးဆယ့်လေးသိန်းကိုးသောင်း ရှစ်ထောင်လေးရာရှစ်ဆယ့်သုံးကျပ်)တိတိရလိုမှုနှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇေယျာထွန်း)
ဒုတိယမြို့နယ်တရားသူကြီး(၁)
မုဒုံမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/17337 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝေလင်းအောင် ၃/ဘအန(နိုင်)၃၂၅၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(ဘားအံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၂၆၈၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၁၀/မလမ(နိုင်)၁၄၃၁၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ မင်းဘူးခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၃၃

| | | |
|---|---|---|
| ၁။ ဒေါ်ခင်မြတ်မွန်<br>၂။ ဒေါ်မိုးမိုးခိုင်(ကိုယ်တိုင်နှင့်အမှတ်(၁)(၃)(၄)(၅)တို့၏ အခွင့်ရကိုယ်စားလှယ်)<br>၃။ ဒေါ်ညိုညိုလင်း<br>၄။ ဦးငွေနိုင်ဝင်း<br>၅။ ဦးဇင်မျိုးလွင် | နှင့် | ၁။ ဦးမိုးမင်းဝေ(ကိုယ်တိုင်နှင့် ကျန်လျှောက်ထားခံရသူ(၂၃၄၊ ၅၊၆)တို့၏အခွင့်ရကိုယ်စားလှယ်)<br>၂။ ဦးချစ်သန်း<br>၃။ ဒေါ်လွဲ့လွဲ့လှိုင်<br>၄။ ဦးဟိဏ်းဗိုလ်မင်း<br>၅။ ဒေါ်သင်းလွဲ့ဖြူ<br>၆။ ဒေါ်စောမူ |
| (လျှောက်ထားသူများ) | | (လျှောက်ထားခံရသူများ) |

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ စလင်းမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၄၉/၂၀၂၄ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၉)၊ စိန်ပန်းမြိုင်လမ်းနေ ဦးမိုးမင်းဝေ(ကိုယ်တိုင်နှင့် ကျန်လျှောက်ထား ခံရသူတို့၏ အခွင့်ရကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် စလင်းမြို့နယ်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုတရားမပြင်ဆင်မှုကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မရောက်လာခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယမင်းငွေး)
ဒုတိယခရိုင်တရားသူကြီး(၂)
မင်းဘူးခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/96933, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလင်းတက် ၉/ခမစ(နိုင်)၀၈၀၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၈၃၂၃, Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဆုဝေ ၉/မဟမ(နိုင်)၀၅၅၈၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(၂၄)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၀၂၄-၂၀၂၅ပညာသင်နှစ် Ph.D(IT)ဘွဲ့သင်တန်း၊ M.C.Tech./ M.I.Sc. ဘွဲ့သင်တန်းနှင့် B.C.Sc./B.C.Tech. ဘွဲ့သင်တန်း စာမေးပွဲအောင်မြင် ပြီးသူများအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမတွင် (၆-၁၂-၂၀၂၅)ရက်၊ (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် (၇-၁၂-၂၀၂၅) ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို www.ucsy.edu.mm တွင် download ရယူဖြည့်သွင်း၍ ဘွဲ့နှင်းသဘင်လျှောက်လွှာတွင် ဖော်ပြပါရှိသည့် ပူးတွဲပေးပို့ရမည့် စာရွက် စာတမ်းများနှင့် (၃)လအတွင်းရိုက်ကူးထားသော 2" x 1 $\frac{1}{2}$" အရွယ် ဓာတ်ပုံ (၃)ပုံနှင့်အတူ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက် နောက်ဆုံးထား၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ လာရောက် လျှောက်ထားနိုင်ကြပါသည်။

၃။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Website www.ucsy.edu.mm တွင် အသေးစိတ်အချက်အလက်များကို ကြည့်ရှု၍ ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၄၄၃၄၄၀၄၇၈၊ ၀၉-၄၄၃၄၄၀၄၇၉) တို့သို့လည်း တိုက်ရိုက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရန်ကုန်အထိုင်လက္ကား မြေသြဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၁၁-၂၀၂၅ ရက်မှ ၃၀-၁၁-၂၀၂၅ ရက်အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

| | | |
|---|---|---|
| (က) | ယူရီးယား မြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် | ၁၀၇,၁၀၀ ကျပ် |
| (ခ) | DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၃၉,၇၀၀ ကျပ် |

၂။ Complex ၁၅ ပတ်လည်မြေသြဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်း မရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန် အထိုင်လက္ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ဖုန်း-၀၆၇-၄၁၀၀၃၂

(ခ) MFSPEA အသင်း ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာမြို့အုပ်စု (၂)လမ်း၊ ကွင်းအမှတ်(၁၀၄၀)၊ ဆပ်သွားကျွန်း၊ ဦးပိုင်အမှတ် ၆၆/၁၊ ဧရိယာပေ (၆၀x၈၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအုန်းဇော် (ဘ) ဦးသန်း ၁၂/လကန(နိုင်)၀၀၅၀၂၃ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီလောင်း ၄/မတပ(နိုင်)၀၀၄၁၂၉မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းအိသူ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၉၂/၁၇-၆-၂၀၁၈)**
**အမှတ်(၄၂၀)၊ တပင်ရွှေထီးလမ်း၊ (၇)ရပ်ကွက်၊ ငွေနံ့သာစံပြ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၂၁၄၉၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/38014 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်အေးခိုင် ၅/ခတန(နိုင်) ၀၁၄၅၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/1087 Hyundai Grand Starex M/B(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်အေးခိုင် ၅/ခတန(နိုင်)၀၁၄၅၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ ရွာဦးတာလမ်းနေ (ဘ)ဦးသောင်းငွေ ၏သား ဗမာ/ဗုဒ္ဓ၊ ဦးသီဟ(၁၀/သထန(နိုင်)၁၉၇၆၈၄)၏ လွှဲအပ်ပြောကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ ရေကန်ရပ်အတွင်းရှိ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ်(၃၁[ဒ]/၄)၊ ဧရိယာ ၀ ဒသမ ၀၁၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်ပျဉ်ခင်းနေအိမ်(၁)လုံးအား ကျွန်ုပ်အမှုသည်မှ ၁၀-၆-၂၀၂၅ ရက်တွင် အိမ်ခြံမြေ စရန်ပေးကတိစာချုပ်ချုပ်ဆိုကာ ငွေကျပ်သိန်း ၄၀၀ စရန်ပေးခဲ့ပြီး၊ ကျန်ငွေကျပ်သိန်း(၄၀၀)အား ၁၀-၁၂- ၂၀၂၅ ရက်တွင် ပေးချေကာ အပြီးသတ်အိမ်ခြံမြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း၊ သတ်မှတ်သော ၁၀-၁၂-၂၀၂၅ ရက်တွင် အရောင်းအဝယ်အား ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက အပြီးသတ်အရောင်းအဝယ် စာချုပ်မချုပ်မီ ခုနစ်ရက်အတွင်း ကန့်ကွက်ပါရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးသီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြတ်သူလင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၅၉)**
**အမှတ်(၉၆၆)၊ ဘူတာလမ်း၊ သိမ်ကုန်းရပ်ကွက်၊**
**သထုံမြို့။ ဖုန်း-၀၉-၄၂၅၃၂၂၅၅၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၄)ရပ်ကွက်၊ ပန်းလှိုင်လမ်း၊ မြေကွက်အမှတ် (၂၁၉)၊ အကျယ်အဝန်း(၃၀ ပေx ၅၀ပေ) သည် ဗိုလ်မှူးလှသန်း ၁၂/ကလန(နိုင်)၀၀၆၂၅၇ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင် ပြီးရောင်းချပိုင်ခွင့်ရှိသော ဒေါ်မြမြသွယ် ၁၀/ကထန(နိုင်)၀၀၆၁၅၆ ထံမှ ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးမန်းကိုကို ၁၂/မဂဒ(နိုင်)၀၅၄၁၁၆ နှင့် ဦးရဲမင်းဦး ၁၂/ဥကမ(နိုင်)၂၆၄၉၇၅ တို့မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါကဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမန်းကိုကို ၁၂/မဂဒ(နိုင်)၀၅၄၁၁၆ နှင့် ဦးရဲမင်းဦး ၁၂/ဥကမ(နိုင်)၂၆၄၉၇၅ တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် LLB,DIL, WIPO(Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၁၁၂)**
**ဖုန်း-၀၉ - ၄၅၁၆၆ ၁၆၆၂**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၄)၊ ရေကံရွာအကွက်၊ ဦးပိုင်အမှတ် (၅[ခ])၊ မြေဧရိယာ ၀ ဒသမ ၆၀၃ဧကရှိမြေကွက်အား အရှေ့ဘက် - ဦးပိုင်အမှတ် (၅[ဆ])၊ အနောက်ဘက် - ဦးပိုင်အမှတ်(၅[ဃ])၊ တောင်ဘက် - ဘူတာလမ်း၊ မြောက်ဘက်-ဦးပိုင်အမှတ် (၄[ခ])ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးထွန်းအောင်ဖြူ (ခရိုင်ဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ သထုံခရိုင်) မှ လျှောက်ထားလာသည့်အတွက် (စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး)၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၇၀)၊ နတ်စင်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၈၇)၊ မြေဧရိယာ ၀ ဒသမ ၂၉၀ ဧကရှိမြေကွက်အား အရှေ့ဘက်- ရွှေချောင်းလမ်း၊ အနောက်ဘက် - ဦးပိုင်အမှတ် (၈၆[ဃ]+ ၈၆[င]+ ၈၆[ခ]+ ၈၆[ဆ] + ၈၆[ဇ])၊ တောင်ဘက် - အကွက်အမှတ် (၈၃)။ မြောက်ဘက်-လမ်းကြားရှိ မြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးထွန်းအောင်ဖြူ (ခရိုင်ဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ သထုံခရိုင်)မှ လျှောက်ထားလာသည့်အတွက် (စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး)၏ အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ၉နှင့် ၁၅(ခ)အရ DGTM COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်အကြောင်းကြားစာ (အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

DGTM COMPANY LIMITED ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ်တိုင်းကျင်းပမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | : | ၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၂၅ ခုနှစ် |
| **ကျင်းပမည့်အချိန်** | : | နံနက် (၁၀) နာရီ |
| **ကျင်းပမည့်နေရာ** | : | အမှတ် (၁၀၂/A)၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ဦးကျော့မောင်(MAIP Member Number – 00090)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
DGTM COMPANY LIMITED

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ပတ္တမြား(မြောက်)၊ ပတ္တမြားမြို့သစ်၊ ပုလဲကျောက်သရေလမ်း၊ အိမ်အမှတ်(၄၇၄)၊ အလျား(၃၀'xအနံ၅၀')အကျယ်အဝန်းရှိ မြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ပါမစ်မြေအမျိုးအစားဖြစ်ပြီး ပါမစ်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူခဲ့၍ ဦးစိုးမင်းသိမ်း ၁၂/လသန(နိုင်)၀၁၈၈၆၃နှင့် ဦးမျိုးဝင်း ၁၂/တမန(နိုင်)၁၁၁၅၈၉တို့က ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဦးစောဂျေမင်းထွန်း ၁၄/ကလန(နိုင်)၁၀၄၄၂၂က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်အတွင်း အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောဂျေမင်းထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တာဝဘူတာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၅၈)၊ ကွင်းအမည် ကျိုက်ကေမြောက်ကွင်း၊ ဦးပိုင်အမှတ်(၉[ခ])၊ ဧရိယာ ၂ ဒသမ ၄၂ကေရှိ လယ်ယာမြေ(ဥယျာဉ်ခြံမြေ)သည် ဒေါ်အေးအေးကြည် (ဘ)ဦးအေးဖေနှင့်သမီး ဒေါ်မေကျော်မြင့် (ဘ) ဦးကျော်မြင့်တို့အမည်ဖြင့် ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေခွန်ပြေစာရရှိထားပြီး လက်ရှိလက်ဝယ်ထားလုပ်ကိုင်လျက်ရှိသော လယ်ယာမြေ(ဥယျာဉ်ခြံမြေ)ဖြစ်ပါသည်။ အဆိုပါလယ်ယာမြေ (ဥယျာဉ်ခြံမြေ) ၂ ဒသမ ၄၂ကေအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)လျှောက်ထားပြီးဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေ(ဥယျာဉ်ခြံမြေ) ၂ ဒသမ ၄၂ ကေနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကိုသော်လည်းကောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှိ/မရှိကိုသော်လည်းကောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း အပြည့်အစုံဖြင့် ဤကြေညာစာသတင်းစာတွင် ပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၆၃)**
**၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်**
**အမှတ်(၂၄/၁၄၄-၁၄၆)၊ မြို့ရှောင်(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊**
**ဥဿာမြို့သစ်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၂၅၀၂၉၉၉၇၆**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃ )
## ပုသိမ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၇

**ကွယ်လွန်သူ ဦးကျော်ထွေး၏ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဒေါ်ခင်သိန်း **လျှောက်သူ။**

ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ကံချိုင်ကျေးရွာအုပ်စု၊ ကံချိုင်ကျေးရွာနေ ဒေါ်ခင်သိန်းက ကွယ်လွန်သူ ဦးကျော်ထွေး၏ (၁)တရားဝင်ဇနီးမယားဖြစ်သည်ဟူ၍ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ကံချိုင်ကျေးရွာအုပ်စု၊ ကံချိုင်ကျေးရွာနေ ၎င်းကွယ်လွန်သူ ဦးကျော်ထွေးမှာ ကျန်ရစ်သောပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကျော်ထွေးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၅ ရက်)တွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ခင်သိန်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သန္တာရှင်)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ သီတာ(၁၀)လမ်း၊ အမှတ်(၁၄၃၉/ခ)၊ မဆန်းပသီး အမည်ပေါက်ပါမစ်မြေ အကျယ်အဝန်း(၂၀ပေx၆၀ပေ)အနက်မှ (၁၀ပေx၆၀ပေ၊ ခေါင်းရင်းခြမ်း)နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ကြည်ကြည်ထွေး ၁၂/အစန (နိုင်)၀၇၀၀၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟအောင် ၁၂/ရပသ(နိုင်)၀၇၅၇၉၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစန်းမင်းဦး (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၅၄၀ )**
**အမှတ် (၈၂၉/က)၊ အနန္တသူရိယလမ်း၊ (၁၈) ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၄၂၁၀၃၆၄၅၇၊ ၀၉-၇၉၅၅၃၈၀၃၀**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးညီညီထွေး၏သား မောင်စိုးဝဏ္ဏထွန်း ၁၂/တမန(နိုင်)၁၃၄၈၁၇၏ All in One စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၉၉၃၉၅၉**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ် ၆၆၃ တွင်နေထိုင်သော ဦးသီဟဌေးလွင် ၁၂/တမန(နိုင်)၀၇၅၂၅၃ ၏ သမီး မပိုးပန်းချီခြယ်အား ယနေ့မှစ၍ မပိုးပန်းချီခြယ်လွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မပိုးပန်းချီခြယ်လွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/13683, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၇/ပမန(နိုင်)၀၈၈၉၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/79028, Yamaha Fino 115 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမိုး ၅/ဝလန(နိုင်) ၁၃၃၇၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/32878 Yamaha 150 FZ5, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းကိုကို ၉/မဟမ(နိုင်)၀၄၅၃၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/27864 New Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော် ၉/မတရ(နိုင်)၁၂၄၂၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

❖ **မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ “ We are Strong, We are Together ” ဟူသည့် စိတ်သဘောထားခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

**ယနေ့ သတင်းအညွှန်း**

## အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို

ပြည်တွင်းသတင်း စာ ၁၃



## ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိလာပြီး အမျိုးသားသဘာဝဘေးအန္တရာယ် အခြေအနေအဖြစ်ကြေညာ

နိုင်ငံတကာသတင်း စာ ၁၉

## ပြည်သူ့ရှေ့ဆောင်ပါတီ(PPP) ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” (KALMAEGI) လမ်းကြောင်းပြပုံ




## တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၆

**တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ကွီညန်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

**မုန်တိုင်း၏ တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” သည် ယနေ့ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၁၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၃၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” သည် အနောက် - အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင်

*စာမျက်နှာ ၁၉ ကော်လံ ၁* ❖



မန်စီးတီးကစားသမား ဖိုဒင် ဒေါ့မွန်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

## မန်စီးတီးက ဖိုဒင်နှင့် ဟာလန်းတို့၏ သွင်းဂိုးများနှင့်အတူ ဒေါ့မွန်ကို ဂိုးပြတ်အနိုင်ရ

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ် ၄ မှ နိုဝင်ဘာ ၆ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးနှင့် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းပွဲစဉ်တွင် မန်စီးတီးအသင်းက ဖိုဒင်နှင့်ဟာလန်းတို့၏ သွင်းဂိုးများနှင့်အတူ လေးဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်စီးတီးအသင်းက ပွဲအစကတည်းက ခြေစွမ်းအသာစီးဖြင့် ဖိအားပေးတိုက်စစ်ကစားနိုင်ခဲ့ပြီး ဖိုဒင်နှင့်ဟာလန်းတို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းကို နှစ်ဂိုးပြတ် ဦးဆောင်ထားသည်။

ဒေါ့မွန်အသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု အနည်းငယ်သာ ပြုလုပ်ထားနိုင်သည်။ ဒေါ့မွန်အသင်း ဂိုးသမားကိုဘဲလ် အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး မန်စီးတီးအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားပြီး သုံးပွဲအထိ နိုင်ပွဲရရှိလာပြီဖြစ်သည်။ ပြိုင်ဘက် ဒေါ့မွန်အသင်းက ချန်ပီယံလိဂ် ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❐